ကြေးမုံ
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
The Mirror Daily
Established in 1957

e – paper ဖတ်ရှုရန်

**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ–၅၄)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 11 August 2026 ၁၂၂၆၇

**ယနေ့ ဖတ်စရာ**

**နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား**
ဆောင်းပါး စာမျက်နှာ » ၈

**မတ္တရာမြို့နယ်အတွင်း ရေဝင်ရောက်ခဲ့သည့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများ ပေးအပ်**
စာမျက်နှာ » ၁၁

**ကမ္ဘာ့ဈေးကွက်တွင် အသုံးများလာသည့် ဝါးအခြေပြုထုတ်ကုန်များ**
ဆောင်းပါး စာမျက်နှာ » ၁၅



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု(ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု(ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၀

၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန–၁ (MICC–1) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ထူးချွန်ဆုရရှိကြသည့်ကျောင်းများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန–၁ သို့ ရောက်ရှိရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူ မောင်မယ်လေးများနှင့် ကျန်းမာရေးဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

## ရပ်စောက်မြို့နှင့် ကလောမြို့အတွင်းရှိ ရေဘေးသင့်ဒေသခံပြည်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်



ကလောမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

နေပြည်တော် ဩဂုတ် ၁၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့တွင်မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇော်ဂျီမြစ်ရေ ရေကြီးရေလျှံမှုဖြစ်ပွားပြီး ဇော်ဂျီရပ်ကွက်၊ ဥတ္တံတားရပ်ကွက်နှင့် ကလောမြို့ ကလောချောင်းရေ ရေကြီးရေလျှံ ဖြစ်ပွားမှုကြောင့် အမှတ်(၂/၃/၄) ရပ်ကွက်များ အတွင်း အနိမ့်ပိုင်းနေအိမ်များ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ယင်းရပ်ကွက်အတွင်းမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့နံနက်ပိုင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖

## ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်တွင် Telematic စနစ် တပ်ဆင်စောင့်ကြည့်

### Telematic စနစ်တပ်ဆင်ထားသော ကုန်တင်ယာဉ် ၂၅၁၄ စီး၊ ခရီးသည်တင်မှန်လုံယာဉ် ၃၁၈၄ စီးရှိ

နေပြည်တော် ဩဂုတ် ၁၀

၂၀၂၆ ခုနှစ် ဇူလိုင်လအထိ Telematic စနစ်တပ်ဆင်ထားသော ကုန်တင်ယာဉ် ၂၅၁၄ စီး၊ ခရီးသည်တင်မှန်လုံယာဉ် ၃၁၈၄ စီးရှိပြီး ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်တွင် Telematic စနစ် တပ်ဆင်ပြီး စောင့်ကြည့်ထိန်းသိမ်းခြင်းကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ETC စနစ်ကိုလည်း RFID (Radio Frequency Identification Device)ပါဝင်သည့်စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲလျက်ရှိရာ အသုံးပြုသူများအနေဖြင့်

စာမျက်နှာ ၃ ကော်လံ ၅ သို့ ○



## MSMEလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ငွေကျပ် ဘီလီယံ ၁၇၀ မတည်ထားပြီး ငွေကျပ် ဘီလီယံ ၁၅၀ ကို MSME ချေးငွေထုတ်ချေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ငွေကျပ် ဘီလီယံ ၁၇၀ မတည်ထားပြီး ငွေကျပ် ဘီလီယံ ၁၅၀ ကို MSME ချေးငွေထုတ်ချေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ (၂/၂၀၂၆) အစည်းအဝေးမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

ကြေးမုံ

# သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်း သဘာဝဘေးအန္တရာယ်ကိုကာကွယ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ် ၉ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နှင့် မအူပင်မြို့တို့ရှိ တက္ကသိုလ်များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးကောင်းမွန်ရေး၊ ပညာသင်ကြားရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်သမ္မတသည် ဒေသတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ “သစ်ပင်များရှိမှသာ လေမုန်တိုင်းဒဏ်များကိုခံနိုင်မည်ဖြစ်ကြောင်း၊ လူ၏ကြိုတင်ပြင်ဆင်မှုဖြင့် သဘာဝဘေးဒဏ်ကို ထိုက်သင့်သလောက်ကာကွယ်နိုင်ကြောင်း၊ ထို့ကြောင့် လေကာသစ်ပင်များကို အတန်းလိုက်မဖြစ်မနေ စိုက်ပျိုးသွားရန်လိုကြောင်း၊ ရေကြီးရေလျှံမှုများမဖြစ်စေရေးအတွက် ရေစီးဆင်းမှုများကောင်းမွန်စေရေး မြစ်ချောင်းများအတွင်း ဖြစ်ပေါ်လျက်ရှိသည့် သဲသောင်များအား ရှင်းလင်းသွားရန်လိုကြောင်း၊ မြို့ပေါ်ရပ်ကွက်များရှိ ချောင်း၊ မြောင်းများတွင် ပိတ်ဆို့မှုများမရှိစေရေး၊ ချောင်းများ၊ မြောင်းများ တိမ်ကောခြင်းမဖြစ်စေရေး ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း” လမ်းညွှန်မှာကြားခဲ့သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်အဖြစ်များသော သဘာဝဘေးမှာ ရေကြီးရေလျှံအန္တရာယ်ဖြစ်သည်။ ရေကြီးရေလျှံဖြစ်ပွားရသည့်အကြောင်းရင်းမှာ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ ရေစီးဆင်းမှုလမ်းကြောင်းများ တိမ်ကောနေခြင်းများကြောင့်ဖြစ်သည်။ သစ်တောသစ်ပင်များသည် မြေဆီလွှာကို ထိန်းသိမ်းပေးသည်။ သစ်တောသစ်ပင်များ ပြုန်းတီးလာမှုကြောင့် မြေဆီလွှာပျက်စီးပြီး သဲသောင်လွင်ပြင်များဖြစ်ပေါ်လာသည်။ သဲသောင်နုန်းအနယ်များသည် မိုးရွာသည့်အခါ ရေစီးနှင့်အတူမျောပါပြီး မြစ်ချောင်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိမ်ကောလာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသည့် မြို့ရွာရပ်ကွက်အတွင်းရှိ မြောင်းများမှ မျောပါလာသော အနယ်အနှစ်အမှိုက်သရိုက်များသည်လည်း မြစ်ချောင်းများကို တိမ်ကောစေသည်။ မြစ်ချောင်းမြောင်းများ တိမ်ကောလာနေမည်ဆိုပါက နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်နေမည်ဖြစ်သည်။

“ရေကြီးရေလျှံမှု အချိန်ကာလကြာမြင့်ပါက လူများနေထိုင်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်မှုများပိုမိုများပြားစေမည်ဖြစ်သဖြင့် ရေကျော်စီးဝင်ခဲ့သည့်ရေများ အမြန်ပြန်လည်ကျဆင်းရေး ရေဆင်းလမ်းကြောင်းများ စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းများအားလုံး၏ ရေစီးရေလာမှုနှင့် ရေဝင်ရေထွက်မှုများ၊ မြစ်ကြမ်းခင်းများအား စဉ်ဆက်မပြတ် သုတေသနပြုမှတ်တမ်းတင်ခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ လိုအပ်သည့် ရေကြောင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် နုန်းဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းစသည်ဖြင့် ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးဒဏ်ဖြစ်ပွားမှုကို ကြိုတင်တားဆီးကာကွယ်လျှော့ချခြင်းများဆောင်ရွက်နိုင်ကြောင်း၊ သို့ဖြစ်၍ ဆည်မြောင်းနှင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသူများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျ စဉ်ဆက်မပြတ် လေ့လာဆန်းစစ်သုံးသပ် စောင့်ကြည့်ဆောင်ရွက်ကြရန်လိုကြောင်း” နိုင်ငံတော်သမ္မတက ဩဂုတ် ၈ ရက်နေ့က လမ်းညွှန်မှာကြားခဲ့သည်။

ယခုနှစ်မိုးရာသီတွင် နိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝဝန်မြစ်ရေကာတာတမံနိမ့်ကျပြီး ရေကျော်စီးဝင်၍ ရေကြီးရေလျှံဖြစ်ပွားမှုနှင့် အခြားမြို့ရွာအနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပွားနေခြင်းသည် မြစ်ချောင်းများတိမ်ကောခြင်း၊ ရေစီးလမ်းကြောင်းများ မကောင်းမွန်ခြင်းတို့ကြောင့်ဖြစ်သည်။ ယခုအခါ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျေးရွာအုပ်စုများရှိ လယ်ယာစိုက်ခင်းများ ရေလွှမ်းမိုးသဖြင့် လိုအပ်သည့်ကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံ၌ ရေဝင်ရောက်မှုများပြားကာ ဆည်ရေပြည့်ရေလှောင်ပမာဏထက် ကျော်လွန်လာသဖြင့် ရေလှောင်တမံအနီးရှိ ကျေးရွာများ ထိခိုက်မှုမရှိစေရေးအတွက် ရေပိုလွှဲတံခါးများကိုဖွင့်ဖောက်၍ ရေထိန်းညှိလျှော့ချခြင်းကို ဆောင်ရွက်ခဲ့ရာ ပတ်ဝန်းကျင်တွင် ရေကျော်စီးဆင်းမှုများ ဖြစ်ပေါ်နေသည်။ ယခုအခါ နိုင်ငံတစ်ဝန်း၌ မိုးရွာသွန်းမှု ဆက်လက်အားကောင်းနေရာ အနိမ့်ပိုင်းဒေသများ၊ မြေသားအိ၍ မြေပြိုကျနိုင်သည့်နေရာများတွင် အထူးသတိပြုကာ ရေကြီးရေလျှံမှုနှင့် ရေဘေးအန္တရာယ်များမဖြစ်ပွားအောင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ ကာကွယ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုကြောင့် ရေကြီးရေလျှံမှုများ နှစ်စဉ်ကြုံတွေ့နိုင်သည်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင်များ ပြုစုပျိုးထောင်စိုက်ပျိုးရေးနှင့် မြစ်ချောင်းမြောင်းများ တိမ်ကောမှုမရှိစေရေးတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများက စနစ်တကျ လေ့လာသုံးသပ်ဆန်းစစ်ပြီး ဒေသခံပြည်သူများနှင့်အတူလက်တွဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို နိုးကြားတက်ကြွစွာ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)




“ Different Contexts, Common Aspirations ”

“ နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား ”

## (၁၀-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၄,၁၂၄,၉၁၈.၉၄ | ၉၈၇,၅၂၈.၅၀ | ၆,၃၄၀,၇၁၂.૩၁ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ထုပ်ပိုးမှုပစ္စည်းများ၊ တိရစ္ဆာန်အစာနှင့် ပစ္စည်းများ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၁၀ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ – ၈ – ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၅၀၀ | ၁၈,၅၀၀ | ၁,၅၃၅ | ၂၈,၃၉၇,၅၀၀ |
| MTSH | ၈,၆၀၀ | ၈,၅၀၀ | ၈၇၉ | ၇,၅၂၅,၇၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၂၆၇ | ၃,၄၇၁,၅၀၀ |
| FPB | ၆,၈၀၀ | ၆,၈၀၀ | ၂,၃၀၂ | ၁၅,၆၅၃,၆၀၀ |
| TMH | ၃,၅၅၀ | ၃,၅၀၀ | ၃၁ | ၁၀၉,၅၀၀ |
| EFR | ၂,၀၀၀ | ၁,၉၅၀ | ၁,၁၀၈ | ၂,၁၇၉,၆၅၀ |
| AMATA | ၄,၁၀၀ | ၄,၁၀၀ | ၁၅ | ၆၁,၅၀၀ |
| MAEX | ၆,၆၀၀ | ၆,၆၀၀ | ၂,၀၈၀ | ၁၃,၇၃၁,၀၀၀ |
| MADPL(PLB) | ၆,၃၀၀ | ၆,၄၀၀ | ၁,၂၇၅ | ၈,၀၆၀,၂၀၀ |
| ASPGB(PLB) | ၇,၆၀၀ | ၇,၇၀၀ | ၂၃,၄၈၂ | ၁၈၀,၅၁၂,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA လာရောက် ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ရုံးတော် ဧည့်ခန်းမ၌ လာရောက် ဂါရဝပြုတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ လက်ရှိအချိန်တွင် ပြည်သူများက ရွေးကောက်တင်မြှောက်ခဲ့သည့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အထောက်အကူဖြစ်စေရေး အတွက် နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်ရန်အတွက် နိပ္ပွန်ဖောင်ဒေးရှင်းမှ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ်များတွင် ငလျင်ဘေးဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ခြင်းဆိုင်ရာ ဘာသာရပ်များ သင်ကြားပို့ချပေးနိုင်ရေး နိပ္ပွန်ဖောင်ဒေးရှင်းမှ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိပ္ပွန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## တနင်္သာရီတိုင်းဒေသကြီး ရေပိုင်နက်အတွင်း ကမ်းလွန်လုပ်ကွက်အမှတ် M-15 စီမံကိန်း ဆောင်ရွက်မည်

**ထားဝယ် ဩဂုတ် ၁၀**



တနင်္သာရီ တိုင်းဒေသကြီး ရေပိုင်နက်အတွင်း ဆောင်ရွက်မည့် ကမ်းလွန်လုပ်ကွက် အမှတ် M-15 စီမံကိန်းသည် မုတ္တမ ကမ်းလွန်ဒေသ၏ တောင်ဘက်ပိုင်း မြိတ်မြို့၏ အနောက်ဘက် မိုင် ၁၂၀ ခန့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြစ်၏ ကမ်းလွန် ပင်လယ်ပြင်တွင် တည်ရှိကာ ရဲတံခွန်စီမံကိန်း လုပ်ကွက်ဖြစ်သည့် M-12, M-13, M-14 နှင့် ချိတ်ဆက်လျက်ရှိပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် M-15 စူးစမ်းရှာဖွေရေး တွင်းတူးဖော်ရေး လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် CFG Energy Pte., Ltd က ကမ်းလွန်လုပ်ကွက် အမှတ် (M-15) စူးစမ်းရှာဖွေရေး တွင်းတူးဖော်ခြင်းလုပ်ငန်းများ အတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း(EIA) လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားမှ သိရသည်။

ထိုသို့ ရှင်းလင်းတင်ပြရာတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း အထွေထွေမန်နေဂျာ (ကမ်းလွန်)က ဆွေးနွေးတင်ပြခြင်း ရည်ရွယ်ချက်နှင့် စီမံကိန်းဆိုင်ရာ အကြောင်းအရာများကို လည်းကောင်း၊ CFG Energy Pte., Ltd Chairman Mr. Songning Shen က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ကုမ္ပဏီများမှ တာဝန်ရှိသူများက M-15 ကမ်းလွန်လုပ်ကွက် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေး အစီအစဉ်၊ စီမံကိန်းဆိုင်ရာ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း၊ ဒေသခံများနှင့် ဆက်ဆံရေး၊ စည်းရုံးရေး ဆောင်ရွက်ထားရှိမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

တွေ့ဆုံစဉ် စူးစမ်းရှာဖွေရေး တွင်းတူးဖော်ခြင်း လုပ်ငန်းများ အတွက် လိုအပ်သည်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့ အနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းသည် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြည်သူများ အတွက်ပါ အကျိုးပြုမှုများစွာ ဖြစ်ထွန်းမည့် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်သောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် နိုင်ငံ၏အမျိုးသား အကျိုးစီးပွား မထိခိုက်စေရန်နှင့် တိုးတက်ဖြစ်ထွန်းစေရန် ရှေးရှုပြီး လုပ်ထုံး လုပ်နည်းများနှင့်အညီ ကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း တနင်္သာရီတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး က ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

### ❂ MSME မှ

အဆိုပါ အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက MSME လုပ်ငန်းရှင်များ ချေးငွေရယူရာတွင် အဆင်ပြေစေရန် ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပေါ် ပြင်ဆင်ဖြေလျှော့ပေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ လုပ်ငန်းရှင်များ အနေဖြင့် အာမခံပစ္စည်း ပေးအပ်နိုင်ခြင်းမရှိ၍ CGI စနစ်ဖြင့် ချေးငွေရယူလိုပါကလည်း ငွေကျပ်သန်း ၅၀ အထိ တိုးမြှင့်၍ ချေးငွေ အာမခံဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် MSME ချေးငွေလုပ်ငန်းစဉ်များ ကြန့်ကြာမှုမရှိဘဲ လွယ်ကူလျင်မြန်စွာ ထုတ်ချေးပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

အလားတူ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက လက်ရှိ MSME ချေးငွေ အများဆုံးပမာဏ ငွေကျပ်သန်း ၁၀၀ သတ်မှတ်ထားရှိမှုကို တိုးမြှင့်သတ်မှတ်နိုင်ရန် ဘဏ္ဍာရေးစည်းမျဉ်းပါ သတ်မှတ်ချက်များကို ပြင်ဆင်ရန် ပြန်လည်သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အေဂျင်စီအနေဖြင့် MSME ချေးငွေမူဝါဒနှင့်အညီ ချေးငွေဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ချေးငွေထုတ်ချေးပြီးစီးမှုနှင့် လက်ကျန်အခြေအနေများ၊ ချေးငွေစိစစ်ခွင့်ပြုမှုလုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ပြင်ဆင်ရေးနှင့် ချေးငွေပမာဏတိုးမြှင့်ထုတ်ချေးနိုင်ရေးတို့အပေါ် အကြံပြုဆွေးနွေးကြရာ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌက နိုင်ငံတော်၏ မူဝါဒနှင့်အညီ MSME လုပ်ငန်းရှင်များ လိုအပ်သည့် ငွေကြေးအရင်းအနှီးများကို မြန်ဆန်မှန်ကန်စွာ စိစစ်ထုတ်ချေးနိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ○ ရန်ကုန်မှ

Toll Pass Mobile Application နှင့် ချိတ်ဆက်အသုံးပြုနိုင်ရန် ရန်ကုန် - မန္တလေး လမ်းမကြီးပေါ်ရှိ တိုးလ်ဂိတ်ခြောက်ဂိတ်တွင် တပ်ဆင်၍ စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး မကြာမီအသုံးပြုနိုင်တော့မည်ဖြစ်သည်။

အဆိုအပါ Toll Pass RFID စနစ်ပြီးစီးပါက မော်တော်ယာဉ်များ တိုးလ်ဂိတ်တွင် ရပ်တန့်စရာမလိုဘဲ Freeflow ဖြတ်သန်းနိုင်ခြင်း၊ အချက်အလက်များ ပိုမိုတိကျ မှန်ကန်စွာ စုဆောင်းနိုင်ပြီး ငွေသားဖြင့် ပေးဆောင်ရန်မလိုအပ်တော့သဖြင့် လေလွင့်ဆုံးရှုံးမှုများ ပပျောက်ကာ Cashless စ နစ်သို့ ပြောင်းလဲနိုင်ခြင်းစသော အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

ယမန်နေ့ နံနက်ပိုင်းက ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးရှိ လမ်းအသုံးပြုခ ကောက်ခံနေသည့် တိုးလ်ဂိတ်များကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာ နေပြည်တော်တိုးလ်ဂိတ်၌ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်၌ ပုံမှန်သွားလာလျက်ရှိသော ခရီးသည်တင် မှန်လုံယာဉ်ကြီးများနှင့် ကုန်တင်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာဖြင့် စည်းကမ်းတကျ မောင်းနှင်စေရေးအတွက် Telematic စနစ်တပ်ဆင်ထားပြီး မော်တော်ယာဉ်များကို စောင့်ကြည့်ထိန်းသိမ်းခြင်း အခြေအနေ၊ ယခင်အသုံးပြုနေသည့် Electronic Toll Collection (ETC) စနစ်ကိုလည်း RFID (Radio Frequency Identification Device) စနစ်ဖြင့် လမ်းအသုံးပြုခ ပေးချေသည့်စနစ်သို့ အဆင့်မြှင့်တင် ပြောင်းလဲလျက်ရှိပြီး ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး (နေပြည်တော် - ရန်ကုန် လမ်းပိုင်း)ရှိ တိုးလ်ဂိတ်သုံးဂိတ်တွင် တပ်ဆင်စမ်းသပ်ဆောင်ရွက်မှု အခြေအနေနှင့် ၁၁၅ မိုင် (ဖြူး)တိုးလ်ဂိတ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ❖ ရပ်စောက်မှ

တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ကယ်ဆယ်ရေးလှေများ၊ တပ်မတော်မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခြင်းစသည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ရပ်စောက်မြို့ရှိ ရေဘေးသင့်ပြည်သူများအား ဇော်ဂျီအားကစားခန်းမနှင့် ဥတ္တမံတားဓမ္မာရုံသို့ လည်းကောင်း၊ ကလောမြို့ ရေဘေးသင့်ပြည်သူများအား အမှတ်(၅) ရပ်ကွက် မြို့မပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ပြောင်းရွှေ့ပေးပြီး ရေဘေးသင့်ပြည်သူများအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စားသောက်ဖွယ်ရာများနှင့် ရေသန့်ဘူးများ ပေးအပ်ခဲ့ကြသည်။

ထို့အပြင် နယ်မြေခံတပ်မတော်ဆေးရုံမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များကလည်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးဆေးစစ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု(ဗဟိုအဆင့်) အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

**☆ ရှေ့ဖုံးမှ**

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်သမ္မတက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ် အခမ်းအနားကိုစက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ ထူးချွန်ဆုရရှိကြသည့် ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၁၁)အခြေခံပညာ အထက်တန်းကျောင်း ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား ကျောင်းသူ လူငယ် မောင်မယ်လေးများက ကျောင်းကျန်းမာရေးမြှင့်တင်ရေး သီချင်းဖြစ်သည့် "ဘဝတွက်တာ ကျောင်းကျန်းမာ" သီချင်းဖြင့်သရုပ်ဖော်ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့အသက်ရှည်စွာ နေနိုင်ရေးအတွက် **"လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ"** ဟူသည့် ဦးတည်ချက်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန်နှင့်ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် **"ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်"** ဟူသည့်အတိုင်း ငယ်ရွယ်စဉ် ကလေးဘဝကစပြီး အသက်အရွယ်ကြီးပြင်းလာသည်အထိ ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများကို ကျင့်သုံးသွားစေရန် အလွန်အရေးကြီးကြောင်း၊ ထို့အပြင် ကျန်းမာရေးနှင့် ညီညွတ်သည့် အမူအကျင့်များကို ကျောင်းသား ကျောင်းသူများမှတစ်ဆင့် မိသားစုနှင့် ပြည်သူလူထုအတွင်း ပျံ့နှံ့ကျင့်သုံးလာစေပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လူမှုအသိုက်အဝန်း တစ်ခုဖြစ်အောင်ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ကိုလိုနီခေတ်က စတင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြဋ္ဌာန်းထားသည့်ကျန်းမာရေး အဆင့်မြင့် ကျောင်းလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ရောဂါကာကွယ်ခြင်းသာမက ကျောင်းသားများ၏ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေး၊ အာဟာရနှင့် ကျန်းမာသည့်ဘဝနေထိုင်မှုပုံစံကိုပါ မြှင့်တင်ပေးသည့် ဘက်စုံကျောင်းကျန်းမာရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများကို ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပညာရေးအပိုင်းကလည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများ ပိုမိုရရှိစေရေး ကျောင်းသင်ခန်းစာများတွင် ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်ကို ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း။

ကျန်းမာရေး အဆင့်မြင့် ကျောင်း လုပ်ငန်းစဉ်များကို ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများအပြင် ကျောင်းသားမိဘများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကလည်းသိရှိပြီး ပူးပေါင်းပါဝင်ပံ့ပိုးပေးကြရန် လိုအပ်ကြောင်း၊ ယင်းရည်ရွယ်ချက်ဖြင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများကို နှစ်စဉ်ဩဂုတ်လ ဒုတိယပတ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပုံမှန်ဆောင်ရွက်ကြခြင်းပင်ဖြစ်ကြောင်း၊ အလားတူ နှစ်စဉ် ဩဂုတ်လ ဒုတိယပတ်တွင် **"ငါးနှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်"** ကိုလည်း တစ်ချိန်တည်း ဆောင်ရွက်ကြောင်းကို သိရှိရကြောင်း။

ထိုသို့ ကျောင်းကျန်းမာရေး သီတင်းပတ်နှင့် ကျောင်းသား လူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်တို့ကို တစ်ချိန်တည်း ဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးကို စစ်ဆေးပေးနိုင်သည့်အပြင် အရပ်၊ ကိုယ်အလေးချိန်နှင့် အာဟာရဖွံ့ဖြိုးမှု အခြေအနေများကိုပါ တိုင်းတာအကဲဖြတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ကျောင်းသား ကျောင်းသူများ၏ အာဟာရချို့တဲ့မှု၊ အဝလွန်မှုနှင့် ကြီးထွား ဖွံ့ဖြိုးမှုဆိုင်ရာပြဿနာများကို စောစီးစွာဖော်ထုတ်နိုင်ပြီး သင့်တော်သည့် ကျန်းမာရေး စောင့်ရှောက်မှုများကိုလည်း မိဘ၊ ဆရာများနှင့် ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား ကျောင်းသူများတွင် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကျောင်းမှန်မှန် တက်ရောက်မှု၊ သင်ယူနိုင်စွမ်းမြင့်မားမှု၊ ပညာရေးတွင် ထူးချွန်မှုစသည်တို့ကို ပိုမိုမြှင့်တင်ပေးနိုင်မည် ဖြစ်ပြီး အနာဂတ်တွင် တိုင်းပြည်အတွက် အဖိုးတန်ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များကို ရရှိလာစေမည်ဖြစ်ကြောင်း။

ကျောင်းသား လူငယ်များ၏ ကာယ၊ ဉာဏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကလေးများ မိခင်ဝမ်းအတွင်း သန္ဓေသားအဖြစ် ရှိနေချိန်မှစတင်ပြီး လိုအပ်သည့် အာဟာရဓာတ်များနှင့် ပြည့်စုံစေရန် ကိုယ်ဝန်ဆောင်မိခင်များ၏ အာဟာရပြည့်ဝရန်လည်း လိုအပ်ကြောင်း၊ မွေးဖွားပြီး မွေးကင်းစအရွယ်မှ ကလေးအသက်နှစ်နှစ်ပြည့်သည့် အထိ **"ဘဝရှေ့ဆောင် ရက်ပေါင်းတစ်ထောင်"** ကာလအတွင်း၌လည်း အာဟာရပြည့်ဝအောင် ပြုစုကျွေးမွေး စောင့်ရှောက်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် အဆိုပါကာလအတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများ အာဟာရပြည့်ဝစွာ စားသောက်နိုင်ရေးအတွက်လည်း ငွေကြေးထောက်ပံ့ပေးသည့် အစီအစဉ်(MCCT)ကို လူမှုဝန်ထမ်းဦးစီးဌာနက တိုင်းဒေသကြီး၊ ပြည်နယ် (၇)ခုတွင်ရှိသည့် ဦးစားပေးဒေသများ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအပါအဝင် နီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆက်လက်ပြီး အသက်ငါးနှစ်အောက် ကလေးများ၏ အာဟာရ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ ကျွေးမွေးပြုစုတတ်စေရန် ကျန်းမာရေးပညာပေးခြင်း၊ အာဟာရဖွံ့ဖြိုးမှုအခြေအနေကို ပုံမှန်စစ်ဆေးပြီး လိုအပ်သည့် ပြုစုကုသမှုများပေးခြင်းတို့ကိုလည်း အခြေခံကျန်းမာရေးဝန်ထမ်းများက ရပ်ရွာအခြေပြုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးပေါင်းပြီး မူကြိုကျောင်းများတွင်လည်း ကျန်းမာရေးကြည့်ရှုစောင့်ရှောက်ပေးသည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း။

ကျောင်းသား လူငယ်များ ကျန်းမာကြံ့ခိုင်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းနေအရွယ် ကလေးငယ်များတွင် အာဟာရဓာတ်များ ပိုမိုပြည့်ဝစွာရရှိစေရန်နှင့် အားကစားပြိုင်ပွဲများကျင်းပပြုလုပ် ပေးရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများကို ကျန်းမာရေးရှုထောင့်အရ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ကျောင်းများဖြစ်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကျောင်းသားတစ်ဦးချင်းအလိုက် ကျောင်းကျန်းမာရေး စစ်ဆေးမှုများကို မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျ **စာမျက်နှာ ၅ သို့ ☆**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု(ဗဟိုအဆင့်) အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုစဉ်။




နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်လေးများက ကျောင်းကျန်းမာရေးမြှင့်တင်ရေးသီချင်းဖြစ်သည့် "ဘဝတွက်တာ ကျောင်းကျန်းမာ" သီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်စဉ်။


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ထူးချွန်ဆု ပထမရရှိသည့်ကျောင်းအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ထူးချွန်ဆု ပထမရရှိသည့်ကျောင်းအတွက် ဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၄ မှ
ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် အခြေခံပညာအတန်းအားလုံး လွှမ်းခြုံမှုရှိအောင် ထပ်မံတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများအနေဖြင့် ယင်းကိစ္စနှင့် ပတ်သက်ပြီး ထိထိရောက်ရောက် အောင်မြင်အောင် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပညာရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကျန်းမာရေး အဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် ညီညွတ်သည့် နေထိုင်စားသောက်မှုနှင့် လူနေမှုပုံစံများ ရရှိစေရေး ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ် သင်ကြားပေးခြင်း၊ အမှိုက်ကင်းစင်ရေး၊ သန့်ရှင်းသည့် ယင်လုံအိမ်သာသုံးစွဲရေး၊ သန့်ရှင်းသည့်ရေရရှိရေး စသည့် ပတ်ဝန်းကျင်သန့်ရှင်းရေးများကို ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ ထို့ပြင် တစ်ကိုယ်ရေသန့်ရှင်းရေး အလေ့အကျင့်များ ရရှိကျင့်သုံးစွဲမြဲစေရန် စနစ်တကျလက်ဆေးခြင်း၊ သွားတိုက်ခြင်း စသည်တို့ကို သင်ကြားပေးခြင်း၊ သွေးအားနည်းရောဂါ ကာကွယ်ရန် ကျောင်းအခြေပြု သန်ချဆေးတိုက်ကျွေးခြင်းနှင့် အလယ်တန်းနှင့် အထက်တန်းကျောင်းသူများကို သံဓာတ်ဆေးပြား တစ်ပတ်လျှင် နှစ်ကြိမ်တိုက်ကျွေးခြင်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းတို့လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ကျောင်းတွင်းအစားအစာများ အန္တရာယ်ကင်းဝေးစေရေးလုပ်ငန်းများ ဖြစ်သည့် ကျောင်းမုန့်ဈေးတန်းကို လည်း ပုံမှန်စစ်ဆေးပြီး အာဟာရပြည့်ဝသည့် ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများကိုသာ ရောင်းချစေခြင်း၊ အစားအစာ ရောင်းချသူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ မျက်စိနှင့် သွားကျန်းမာရေးစောင့်ရှောက်မှု အပါအဝင် ပဏာမ ကျောင်းကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားကျန်းမာရေး စီမံကိန်းတွင်ပါဝင်သည့် ကျောင်းကျန်းမာရေးစီမံချက်များကို ကြီးကြပ်ဆောင်ရွက်နိုင်ရန်နှင့် ကျောင်းသားလူငယ်တစ်ရပ်လုံး ကျန်းမာကြံ့ခိုင်စေရေး ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် "ကျောင်းကျန်းမာရေး ဗဟိုကော်မတီ" ကို ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းအဆင့်များတွင် ကျောင်းကျန်းမာရေးကော်မတီများကို ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများအပြင် လူမှုရေးအသင်းအဖွဲ့များ၊ အမှန်တကယ် စိတ်ပါဝင်စားစွာ ဆောင်ရွက်ပေးနိုင်သူများနှင့် ဖွဲ့စည်းပြီး ထိရောက်အောင်မြင်အောင် လုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခုကဲ့သို့ကျောင်းကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူ တစ်ဦးချင်းအလိုက် ကျန်းမာရေးစစ်ဆေးမှု မှတ်တမ်းကတ်များထားရှိခြင်းကို (၂၀၂၂-၂၀၂၃) ပညာသင်နှစ်တွင် KG မှ စတင်ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မူလတန်းအရွယ်ကလေးများအပြင် ဆယ်ကျော်သက်အရွယ်ကလေးများတွင်ပါ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယခုပညာသင်နှစ်မှ စတင်ပြီး Grade-12 အထိ စဉ်ဆက်မပြတ် လွှမ်းခြုံမှုရရှိအောင် အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့ပြင် ၂၀၃၀ ပြည့်နှစ်တွင် မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်း တိုးမြှင့်လာရေး ဆောင်ရွက်လျက်ရှိခြင်းကြောင့် အရွယ်မတိုင်ခင် သေဆုံးမှုများကို လျှော့ချရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများ ရရှိစွဲမြဲကျင့်သုံးတတ်စေရန် ကျောင်းနေစဉ်အရွယ်ကတည်းက လေ့ကျင့်သင်ကြားပေးသွားကြရမည် ဖြစ်ကြောင်း၊ သို့မှသာ ကိုယ်ခန္ဓာ ကြံ့ခိုင်ဖွံ့ဖြိုးပြီး ဉာဏ်ရည်ထက်မြက်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကို ရရှိမည်ဖြစ်ကြောင်း။

ထို့ကြောင့် ကလေးအရွယ်မှစပြီး ဘဝတစ်သက်တာတွင် အစာအမျိုးအမည်(၅)မျိုးပါအောင် စုံလင်စွာစားသောက်တတ်သည့် အလေ့အကျင့်နှင့် မိသားစုများပါ ကျန်းမာရေးနှင့် ညီညွတ်ပြီး အာဟာရပြည့်ဝမျှတသော အစားအသောက်များ စားသုံးတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိကျင့်သုံးကြရန်လိုကြောင်း၊ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းညှိနှိုင်းပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ကစတင်ဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအတွက် ကျန်းမာရေးဝန်ကြီးဌာနကို ခွင့်ပြုရန်ပုံငွေများ ချထားပေးလျက်ရှိပြီး ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင်လည်း ရန်ပုံငွေကျပ် ၂ ဒသမ ၈၂ ဘီလီယံကို ပထမအကြိမ် ခွဲဝေချထားခဲ့ပြီး ဆက်လက်၍လည်း တိုးမြှင့်ချထားပေးသွားမည် ဖြစ်ကြောင်း။

ကျန်းမာရေး အဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များထဲမှတစ်ခုဖြစ်သည့် သင်တန်းနှင့် သုတေသနလုပ်ငန်းအနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ၁၃ နှစ်မှ ၁၇ နှစ်အတွင်း ဆယ်ကျော်သက် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁,၁၅၅ ဦး၏ ကျန်းမာရေးဆိုင်ရာအခြေအနေများကို လေ့လာဆန်းစစ်ခဲ့သည်ကို သိရှိရကြောင်း၊ အဆိုပါသုတေသနရလဒ်အရ ကိုယ်အလေးချိန်လျော့နည်းသည့် ကျောင်းသားကျောင်းသူ ၂၃ ရာခိုင်နှုန်းနှင့် အဝလွန်သည့် ကျောင်းသားကျောင်းသူ ၄ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ ကျောင်းသား ကျောင်းသူ သုံးပုံတစ်ပုံခန့်သာ တစ်ပတ်လျှင် အနည်းဆုံးတစ်နာရီခန့် ကိုယ်လက်လှုပ်ရှားမှုရှိကြောင်း၊ ကျောင်းသားကျောင်းသူ ဆယ်ပုံတစ်ပုံခန့်က စိတ်ဖိစီးမှုများ ခံစားနေရကြောင်း၊ ဆယ်ကျော်သက် ကျောင်းသားကျောင်းသူများမှာ အီး-စီးကရက် (Vape) အပါအဝင် ဆေးလိပ်၊ အရက် ပါဝင်သည့်အဖျော်ယမကာနှင့် မူးယစ်ဆေးစမ်းသပ်သုံးစွဲမှုများရှိနေသည်ကို လေ့လာတွေ့ရှိရကြောင်း။

ကျောင်းအားလုံးကို ဆေးလိပ်ကင်းစင်သည့် ကျောင်းများအဖြစ် မူဝါဒချမှတ်ပြီးဖြစ်သဖြင့် လက်တွေ့အခြေအနေတွင်လည်း ဆေးလိပ်ကင်းစင်သည့် ကျောင်းများဖြစ်စေရန် လိုအပ်ကြောင်း၊ ကျောင်းပတ်ဝန်းကျင်ပေ ၁၀၀ အတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ရောင်းချခြင်းနှင့် ကြော်ငြာခြင်းတို့ကို ဥပဒေအရ
စာမျက်နှာ ၆ သို့ ☆

☆ **၂၀၃၀ ပြည့်နှစ်တွင် မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်း တိုးမြှင့်လာရေး ဆောင်ရွက်လျက်ရှိခြင်းကြောင့် အရွယ်မတိုင်ခင် သေဆုံးမှုများကို လျှော့ချရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများ ရရှိစွဲမြဲ ကျင့်သုံးတတ်စေရန် ကျောင်းနေစဉ်အရွယ်ကတည်းက လေ့ကျင့်သင်ကြားပေးသွားကြရမည်**

☆ **သို့မှသာ ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးပြီး ဉာဏ်ရည်ထက်မြက်သည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များကို ရရှိမည်**



ဒုတိယသမ္မတ ဦးညိုစောဝ ကျောင်းကျန်းမာရေးလုပ်ငန်း ထူးချွန်ဆု ရရှိသည့် ကျောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ကျောင်းကျန်းမာရေးလုပ်ငန်း ထူးချွန်ဆု ရရှိသည့် ကျောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ KG ကျောင်းသား၊ ကျောင်းသူလေးများအား ဆရာ၊ ဆရာမများနှင့်မိဘများ ပူးပေါင်းပြင်ဆင်ချက်ပြုတ်ထားသည့် အာဟာရဖြည့်ဟင်းလျာများ ကျွေးမွေးနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ၎င်းတို့ အသက်အရွယ် ကျား/မ အုပ်စုအလိုက် သန်ချဆေးနှင့် သံဓာတ်အားဆေးများကို တိုက်ကျွေးစဉ်။

☆ စာမျက်နှာ ၅ မှ

ပိတ်ပင် တားမြစ်ထားကြောင်း၊ ထို့အပြင် အီး-စီးကရက်နှင့် ဆက်စပ်ပစ္စည်းများ သုံးစွဲခြင်းနဲ့ လက်ဝယ်ထားရှိခြင်းကို ဥပဒေဖြင့် ပိတ်ပင်တားမြစ်ထားပြီးဖြစ်သည့်အတွက် ဥပဒေနှင့်အညီ ထိန်းသိမ်း ကြပ်မတ်ကြရန်နှင့် ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန်လိုအပ်ကြောင်း။

ကျောင်းများတွင် ကျန်းမာရေးနှင့်ညီညွတ်သော အာဟာရပြည့်ဝသည့် နေထိုင်စားသောက်မှုနှင့် လူနေမှုပုံစံများ ဖြစ်သည့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်း၊ ဆေးလိပ်၊ Vape၊ အရက်နှင့် မူးယစ်ဆေးဝါး ရှောင်ကြဉ်ခြင်း စသည့်ပညာပေးလှုပ်ရှားမှု အစီအစဉ်များတွင် ကျောင်းသား၊ ကျောင်းသူအားလုံး တက်ကြွစွာ ပါဝင်လာစေရန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စိတ်ကျန်းမာရေး ကောင်းမွန်စေရေးနှင့်ပတ်သက်ပြီး ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် လုံလောက်သည့် အိပ်စက်ချိန်ရရှိရေး၊ စိတ်ဖိစီးမှုများ ခံစားနေရသည့်ကလေးများကို မိဘနှင့်ဆရာများက ပူးပေါင်းပြီး ကူညီပံ့ပိုးမှုရှိသည့် ပတ်ဝန်းကျင်များ၊ အပြုသဘောဆောင်သည့် ဆက်ဆံရေးများနှင့် အားပေးကူညီခြင်းတို့ကိုလည်း သက်ဆိုင်သူအားလုံးက ပူးပေါင်းပြီး ပိုမိုအလေးထား ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ကျောင်းသားလူငယ်များသည် နောင်အနာဂတ်ကာလတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လူသားအရင်းအမြစ်များ ဖြစ်ခြင်းကြောင့် ကလေးများ ကာယ၊ ဉာဏ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများ စားသုံးတတ်သည့် အလေ့အကျင့်ကောင်းများကို ငယ်စဉ်ကတည်းက ရရှိစွဲမြဲကျင့်သုံးနိုင်စေရန်နှင့် အရက်၊ ဆေးလိပ်၊ Vape နှင့် မူးယစ်ဆေးရှောင်ကြဉ်မှုအပါအဝင် ကျန်းမာရေးနှင့် ညီညွတ်သည့် အမူအကျင့်များကို ကျောင်းသားလူငယ်ဘဝကတည်းက သိရှိလိုက်နာကျင့်သုံးအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ နှစ်စဉ်ကျန်းမာရေး စစ်ဆေးမှုမှတ်တမ်းကတ်ပါ အချက်အလက်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရန်နှင့် ကျောင်းကျန်းမာရေး လုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးပေး ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ကျန်းမာရေးအဆင့်မြင့်ကျောင်းလုပ်ငန်းစဉ်များကို ယခုထက်ပိုပြီး ထိရောက်စွာဆောင်ရွက်ကြပြီး ကျန်းမာကြံ့ခိုင်သည့်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံတော်၏အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွက်လာရေး အလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ကျောင်းကျန်းမာရေးလုပ်ငန်းများထူးချွန်ဆု(ပထမဆု)ရရှိကြသည့် ကျောင်းများဖြစ်ကြသည့် အခြေခံပညာအထက်တန်းအဆင့်တွင် ပထမဆုရရှိသည့် အမှတ်(၂၇)အခြေခံပညာ အထက်တန်းကျောင်း ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်းဒေသကြီး၊ အခြေခံပညာအလယ်တန်း အဆင့်တွင် ပထမဆုရရှိသည့် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ အခြေခံပညာ မူလတန်းအဆင့်တွင် ပထမဆုရရှိသည့် အခြေခံပညာမူလတန်းကျောင်း တောင်ပို့ကြီး(မြောက်) ညောင်ရွှေမြို့နယ် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့မှ ကျောင်းအုပ်ကြီးများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတများ ဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေးတို့က အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းကျန်းမာရေး လုပ်ငန်း ထူးချွန်ဆု ဒုတိယဆုနှင့် တတိယဆုရရှိကြသည့် ကျောင်းများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းကျောင်းသား၊ ကျောင်းသူများက ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းသရုပ်ပြသမှုကို ကြည့်ရှုအားပေးစဉ်။

**မှာကြား**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကျောင်းကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများ Video Clip နှင့် ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ ကျောင်းသား၊ကျောင်းသူလေးများက ကျောင်းကျန်းမာရေးမြှင့်တင်ရေးသီချင်းဖြစ်သည့် “စုံအောင်စားစို့” တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုကြပြီး နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်) အထိမ်းအမှတ် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြမှုအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ဇမ္ဗူသီရိမြို့နယ် နေပြည်တော် ကောင်စီနယ်မြေတွင် ကျင်းပပြုလုပ်သည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းအတွက် ဆရာ၊ ဆရာမများနှင့် မိဘများ ပူးပေါင်းပြင်ဆင် ချက်ပြုတ်ထားသည့် ဟင်းလျာများ ပြသထားရှိမှု၊ ကျောင်းသား၊ ကျောင်းသူများက အာဟာရပြည့်ဝ ကျန်းမာစွာဖြင့် စားသုံးနိုင်သည့် အစားအစာအုပ်စုများနှင့် တစ်နေ့တာ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုဘဝပုံစံအကြောင်း ရှင်းလင်းတင်ပြမှု၊ KG ကျောင်းသား၊ ကျောင်းသူလေးများအား ဆရာ၊ ဆရာမများနှင့်မိဘများ ပူးပေါင်းပြင်ဆင်ချက်ပြုတ်ထားသည့် အာဟာရဖြည့်ဟင်းလျာများ ကျွေးမွေးနေမှု၊ ကျောင်းကျန်းမာရေးမြှင့်တင်ရေးသီချင်းဖြစ်သည့် “စုံအောင်စားစို့” တေးသီချင်းဖြင့် ကျောင်းသား၊ ကျောင်းသူများက သရုပ်ဖော်ကပြတင်ဆက်မှုတို့ကို ကြည့်ရှုကြပြီး နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် အဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများအား ၎င်းတို့ အသက်အရွယ် ကျား/မ အုပ်စုအလိုက် သန်ချဆေးနှင့် သံဓာတ်အားဆေးများကို တိုက်ကျွေးပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မူလတန်းကျောင်းသား၊ ကျောင်းသူများက ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း သရုပ်ပြသမှု၊ မူလတန်းကျောင်းသား၊ ကျောင်းသူများက စနစ်တကျ လက်ဆေးခြင်းနှင့် စနစ်မှန်သွားတိုက်ခြင်း သရုပ်ပြသမှု၊ ကျောင်းစာကြည့်တိုက်တွင် အလယ်တန်းနှင့်အထက်တန်း ကျောင်းသား၊ ကျောင်းသူများက ကျန်းမာရေးနှင့်အညီ သန့် ငါးသန့် ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ အဖွဲ့လိုက်ဆွေးနွေးမှု၊ အီး-စီးကရက်(Vape) အပါအဝင် ဆေးလိပ်၊ အရက်ပါဝင်သည့် အဖျော်ယမကာနှင့် မူးယစ်ဆေး သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးအန္တရာယ်များနှင့် ပတ်သက်၍ အဖွဲ့လိုက်အပြန်အလှန် ဆွေးနွေးလေ့လာလျက်ရှိမှု၊ ကျန်းမာရေးနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများက ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုလျက်ရှိမှု၊ အထွေထွေကျန်းမာရေးစစ်ဆေးမှုအား KG ၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများတွင် ဆောင်ရွက်လျက်ရှိမှု၊ ပဏာမမျက်စိစောင့်ရှောက်မှုလုပ်ငန်းများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများတွင် ဆောင်ရွက်လျက်ရှိမှုနှင့် သွားနှင့်ခံတွင်းကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့် ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်များ တစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှု အားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် (၁/၂၀၂၆)ဖြင့် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌ ဦးထိန်လင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစန်ပေ့နှင့် ဦးဆန်လူ၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ အမြဲတမ်းကော်မတီဝင် ဦးခမ်းမောင်၊ အတွင်းရေးမှူးအဖွဲ့ အထွေထွေအတွင်းရေးမှူး ဦးအားလူနှင့် အတွင်းရေးမှူးများဖြစ်ကြသည့် ဦးအိုက်ပန်း၊ ဦးစိုင်းမောက်နှင့် ဦးဇင်ခမ်းနော်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) မိုင်းလားအဖွဲ့နှင့် နေပြည်တော်တွင် ဒုတိယအကြိမ် တွေ့ဆုံရသည့်အတွက် အထူးပင် လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ ပထမအကြိမ် မိုင်းလားတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ပြီး ယခင် NDAA ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်း၏ လမ်းစဉ်ကို ဆက်လက်လျှောက်လှမ်းမှုအား ဝမ်းသာပါကြောင်း၊ ယခင်ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်းနှင့်လည်း ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တက်တက်ကြွကြွ ဆွေးနွေးခဲ့ကြကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် မိုင်းလားဒေသအား မြင့်မားသည့် အဆင့်အတန်းတစ်ခုသို့ ရောက်ရှိအောင် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် လိုလားချက်များကို ပြေလည်အောင် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အား ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တစ်ချို့နိုင်ငံရေးဆိုင်ရာ လိုအပ်ချက်များသည် အဆင့်လိုက် လုပ်ဆောင်ရသည်များရှိပြီး ဌာနဆိုင်ရာများတွင်လည်း ၎င်းတို့၏ လုပ်ထုံးလုပ်နည်းများရှိသည့်အတွက် ညှိနှိုင်းဆောင်ရွက်ရသည်များရှိကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် လိုအပ်ချက်များအား နှစ်ဖက်ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး တိုးတက်ကောင်းမွန်သော အရွေ့တစ်ခုသို့ရောက်အောင် ဆွေးနွေးညှိနှိုင်းမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌ ဦးထိန်လင်းက ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန် နေပြည်တော်သို့ ဖိတ်ခေါ်သည့်အတွက် ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီအနေဖြင့် ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူများ ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံရမှုအပေါ် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဇွန် ၁၇ ရက်တွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ပထမအကြိမ် မိုင်းလားတွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး ယခုတစ်ကြိမ်ထပ်မံ၍ နေပြည်တော်တွင် ဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ တက်ရောက်ရန် အလေးထားဖိတ်ခေါ်သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်း ချမှတ်ခဲ့သည့် "ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုး" ဆိုသည့် လမ်းစဉ်အတိုင်း လျှောက်လှမ်းလာခဲ့ပါကြောင်း၊ ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးသည့် နည်းလမ်းဖြင့် ဖြေရှင်းခဲ့ပြီး နိုင်ငံတော်အစိုးရ အဆက်ဆက်နှင့်လည်း ကောင်းမွန်သည့် ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း၊ ဥက္ကဋ္ဌဟောင်း ဦးစိုင်းလင်း၏ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အမွေဆက်ခံပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရနှင့် မကြာခဏ တွေ့ဆုံဆွေးနွေးပြီး ပိုမိုရင်းနှီးသည့် ဆက်ဆံခြင်းမှ ယုံကြည်မှုကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ပေးစေလိုပါကြောင်း၊ လမ်းညွှန်ချက်များကို ဒေသခံပြည်သူများအား ချပြဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်ရေးအတွက် အလေးထား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့အပေါ် ဂရုစိုက်မှုများကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ဒေသဖွံ့ဖြိုးရေး၊ ဒေသတည်ဆောက်ရေး၊ ကျိုင်းတုံ - မိုင်းလားလမ်းမကြီးပြုပြင်ရေး၊ မိုင်းယု-ကျိုင်းယန်း တံတား ပုံမှန်ပြန်လည်ဖြတ်သန်းသွားလာနိုင်ရေး၊ နယ်စပ်ဒေသ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုအဆင့်အတန်းကို စဉ်ဆက်မပြတ် မြှင့်တင်ပေးနိုင်ရန်အတွက် သင်ကြားရေးဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ခြင်း၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးခြင်း၊ ဆေးဝါးနည်းပညာဆိုင်ရာများ ဖလှယ်ခြင်းနှင့် ရောဂါကာကွယ် ထိန်းချုပ်ခြင်းအစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် မူဝါဒပိုင်းဆိုင်ရာ ပံ့ပိုးမှုများကို နိုင်ငံတော်အစိုးရက ကူညီဆောင်ရွက်ပေးနိုင်ရေးကိစ္စများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ဖက်ယုံကြည်မှု တည်ဆောက်ရေးအလားအလာကောင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲများသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် များစွာအထောက်အကူပြုမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များနှင့် နှစ်ဖက်တိုက်ရိုက် ဆက်ဆံရေးခိုင်မာစေရေး တင်ပြဆွေးနွေးချက်များအပေါ် NSPNC ဘက်မှ နိုင်ငံတော်အကြီးအကဲထံ ဆက်လက်တင်ပြပြီး ညွှန်ကြားချက် မူဝါဒများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးအဖြေရှာခြင်း နည်းလမ်းကို အဆင့်လိုက်တိုးမြှင့် ဆောင်ရွက်သွားရေး၊ NDAA ၏ ခေါင်းဆောင်မှု အပြောင်းအလဲနှင့် ခေါင်းဆောင်သစ်များစုဖွဲ့မှုများ၊ "ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုးမှု" မူဝါဒနှင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်နိုင်သည့် အချက်အလက်များကို အဓိကထား စဉ်းစားဆောင်ရွက်မှုများနှင့် နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ၏ လိုအပ်ချက်များအား ဆက်လက်ဆွေးနွေးနိုင်ရေးတို့ကို တင်ပြဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး မှတ်တမ်းကို လက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌ ဦးထိန်လင်းက ရှောဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ထုတ်ပေးခြင်းအခမ်းအနားကျင်းပ




**ကျောက်ဆည် ဩဂုတ် ၁၀**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ လုပ်ငန်းခွင်ပြင်ပ ထိခိုက်မှုကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်း ဆုံးရှုံးမှု၊ အမြဲတမ်းမသန်စွမ်းမှု (ငွေလုံးငွေရင်း)ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေး လူမှုဖူလုံရေးတိုင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များကို အလုပ်ရှင်၊ အလုပ်သမားများအား သိရှိသဘောပေါက်စေရန် ရှင်းလင်းပြောကြားပြီး ကံကောင်းခြင်း ရတနာသစ်အချောထည်စက်ရုံမှ အာမခံအလုပ်သမား ဦးလှဝင်းအား အမြဲတမ်းမသန်စွမ်းမှု (ငွေလုံးငွေရင်း)အကျိုးခံစားခွင့် ငွေကျပ် ၄၇၆၂၈၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

■

## တွံတေးခရိုင်၌ အာဟာရချက်ပြုတ်သရုပ်ပြပြိုင်ပွဲကျင်းပ

**တွံတေး ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့၌ အာဟာရချက်ပြုတ် သရုပ်ပြပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း(မြို့မ) ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြူကြူသင်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမဆုရ ကွမ်းခြံကုန်းမြို့နယ်မှ အထက(တော်လန်း)၊ ဒုတိယဆုရ ကော့မှူးမြို့နယ်မှ အထက ကျုံဒရယ်၊ တတိယဆုရ ဆိပ်ကြီးခနောင်တို မြို့နယ်မှ အထက ဆိပ်ကြီးခနောင်တိုနှင့် နှစ်သိမ့်ဆု(၁)ရ တွံတေးမြို့နယ်မှ အထက(၁)တွံတေး၊ နှစ်သိမ့်ဆု(၂)ရ ဒလမြို့နယ်မှ အထက(၄) ဒလမြို့နယ်တို့အား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဂုဏ်ပြုဆောင်းပါး

# နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား

**လူငယ်များသည် အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုများဖြစ်ကြသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့တွင် လူငယ်များ၏ပါဝင်ဆောင်ရွက်မှုသည် အလွန်အရေးကြီးလှပါသည်။**

မောင်လူအေး (လူငယ်ရေးရာ)

၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ကမ္ဘာ့လူဦးရေတွင် လူငယ်အချိုးအစားမြင့်တက်လာခြင်း၊ အလုပ်လက်မဲ့ပြဿနာများ၊ ဆင်းရဲနွမ်းပါးမှု၊ ပညာရေးမညီမျှမှုနှင့် နိုင်ငံတကာပဋိပက္ခများကြောင့် လူငယ်များကို ဦးတည်သည့် နိုင်ငံတကာမူဝါဒတစ်ရပ် လိုအပ်လာခဲ့သည်။ ယင်းအခြေအနေအရ ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၇၉ ခုနှစ်တွင် ဆုံးဖြတ်ချက် အမှတ် ၃၄/၁၅၁ ဖြင့် ၁၉၈၅ ခုနှစ်ကို "ပါဝင်ဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေး"ဟူသော ဆောင်ပုဒ်ဖြင့် "အပြည်ပြည်ဆိုင်ရာ လူငယ်များနှစ် (International Youth Year)" အဖြစ် သတ်မှတ်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ် ဩဂုတ်လ ၈ ရက်မှ ၁၂ ရက်နေ့အထိ ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ကျင်းပသော လူငယ်ရေးရာဝန်ကြီးများ၏ ကမ္ဘာ့ညီလာခံ (World Conference of Ministers Responsible for Youth) တွင် လူငယ်များအတွက် နှစ်စဉ်အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ သတ်မှတ်ရန် အကြံပြုခဲ့ကြသည်။ လစ္စဘွန်းညီလာခံမှတင်ပြသော အဆိုပြုချက်ကိုအခြေခံ၍ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပသည့် (၅၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ချက်အမှတ် ၅၄/၁၂၀ ဖြင့် ဩဂုတ်လ ၁၂ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ (International Youth Day)"အဖြစ် သတ်မှတ်ခဲ့ပါသည်။

**လူငယ်များနေ့အခမ်းအနားကို ကမ္ဘာတစ်ဝန်း စတင်ကျင်းပ**

၂၀၀၀ ပြည့်နှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ပထမဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို ကမ္ဘာတစ်ဝန်း စတင်ကျင်းပခဲ့ရာ ယခု ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင်လည်း (၂၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ကမ္ဘာတစ်ဝန်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြမည်ဖြစ်သည်။ နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့သည် လူငယ်များ၏စွမ်းဆောင်ရည်ကို အသိအမှတ်ပြုဂုဏ်ပြုရန်၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းပေးရန်နှင့် ၎င်းတို့၏အသံများကို ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင်ထည့်သွင်းရန် အရေးပါသော ကမ္ဘာလုံးဆိုင်ရာ စေ့ဆော်မှုတစ်ခုဖြစ်သည်။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့သည် ကမ္ဘာတစ်ဝန်းရှိလူငယ်များ ရင်ဆိုင်နေရသောစိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအပေါ် သဘောထားအမြင်၊ အလေးထားမှုတို့ မြှင့်တင်ရန်ရည်ရွယ်သည့် နိုင်ငံတကာအထိမ်းအမှတ်နေ့ဖြစ်ပါသည်။ ထို့ပြင် ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် လူငယ်များ၏ မရှိမဖြစ်လိုအပ်သော မိတ်ဖက်အခန်းကဏ္ဍကို အသိအမှတ်ပြုဂုဏ်ပြုခြင်းလည်း ဖြစ်သည်။

ကုလသမဂ္ဂသည် နှစ်စဉ်နှစ်တိုင်း အပြည်ပြည်ဆိုင်ရာလူငယ်များနေ့တွင် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ရပ် သို့မဟုတ် လူငယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့်စိန်ခေါ်မှုများ၊ အရေးကြီးပြဿနာများကို အခြေခံ၍ ဆောင်ပုဒ်များ(Themes) သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ယင်းဆောင်ပုဒ်များက လူငယ်များ၏အခန်းကဏ္ဍသည် နိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာ၊ ပတ်ဝန်းကျင်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် နီးကပ်စွာဆက်စပ်နေကြောင်း ဖော်ပြလျက်ရှိသည်။

**❝ အသိဉာဏ်ပညာနှင့် ကိုယ်ကျင့်တရားမျှတစွာဖွံ့ဖြိုးသည့် လူတော်လူကောင်းများဖြင့်သာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ လူငယ်များအနေဖြင့်လည်း လက်ရှိနိုင်ငံတော်က အရေးတကြီးလိုအပ်လျက်ရှိသည့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ကြရမည် ❞**

၂၀၂၆ ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့၏ ဆောင်ပုဒ်မှာ "Different Contexts, Common Aspirations" "နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား"ဖြစ်ရာ လူငယ်များ၏ ဘဝအခြေအနေများသည် ၎င်းတို့နေထိုင်သည့် နိုင်ငံများနှင့် ဒေသများအလိုက် ကွဲပြားမှုများရှိနေသော်လည်း ၎င်းတို့၏မျှော်မှန်း

**❝ လူငယ်များသည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန် လက်တွေ့ကျပြီး ဖန်တီးမှုအပြည့်ရှိသော နည်းလမ်းများကိုဖော်ဆောင်နိုင်စွမ်းရှိကာ အရင်းအမြစ် အကန့်အသတ်ရှိသည့် အခြေအနေများအတွင်း၌ပင် ထူးချွန်သော ခေါင်းဆောင်မှုကို ပြသလျက်ရှိသည်။ သို့ဖြစ်ရာ SDGs အကောင်အထည်ဖော်ရေး၊ ငြိမ်းချမ်းရေး တည်ဆောက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီခိုင်မာအားကောင်းရေး၊ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ရေးတို့တွင် မရှိမဖြစ် အခန်းကဏ္ဍမှပါဝင်လျက်ရှိ ❞**

ချက်များနှင့် ရည်မှန်းချက်များမှာ ခြားနားမှုမရှိဘဲ အလွန်တူညီကြောင်းကို အလေးပေးဖော်ပြထားသည်။ နိုင်ငံ၊ လူမျိုး၊ ကိုးကွယ်ယုံကြည်မှုနှင့် လူမှုအသိုက်အဝန်း မည်သို့ပင်ကွဲပြားစေကာမူ လူငယ်များအားလုံးသည် လူ့ဂုဏ်သိက္ခာ၊ အခွင့်အလမ်းများ၊ အဓိပ္ပာယ်ရှိသော ပါဝင်ဆောင်ရွက်ခွင့်၊ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်၊ အရည်အသွေးပြည့်ဝသောပညာရေးနှင့် ရေရှည်တည်တံ့သောအနာဂတ်တို့ကို ရရှိလိုကြခြင်းဖြစ်သည်။

**စုပေါင်းဆောင်ရွက်မှု၏အရေးပါမှုကို အလေးပေးဖော်ပြ**

တူညီသောရည်မှန်းချက်များကို အသိအမှတ်ပြုခြင်းအားဖြင့် ယခုနှစ်၏ခေါင်းစဉ်သည် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းဆောင်ရွက်မှု၏အရေးပါမှုကို အလေးပေးဖော်ပြထားခြင်းဖြစ်သည်။ မည်သည့်အခြေအနေတွင်ရှိနေစေကာမူ လူငယ်တိုင်းသည် မိမိတို့၏ အလားအလာကို အပြည့်အဝဖော်ဆောင်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်သော အနာဂတ်တစ်ရပ်ကို အတူတကွ တည်ဆောက်နိုင်မည်ဖြစ်သည်။

လူငယ်များ၏ လူမှုဘဝအခြေအနေများသည် ၎င်းတို့နေထိုင်ရာ နိုင်ငံနှင့် ဒေသအလိုက် ကွဲပြားမှုရှိနေသော်လည်း ယနေ့ကမ္ဘာကြီး ရင်ဆိုင်နေရသော အရေးကြီးသည့် စိန်ခေါ်မှုများစွာမှာ နယ်နိမိတ်များကိုကျော်လွန်၍ လူငယ်အားလုံးအပေါ်တွင် သက်ရောက်လျက်ရှိသည်။ ယခုနှစ်၏ဆောင်ပုဒ်သည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (Least Developed Countries– LDCs)၊ ပင်လယ်ထွက်ပေါက်မရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများ (Landlocked Developing Countries– LLDCs) နှင့် ဖွံ့ဖြိုးဆဲကျွန်းငယ်နိုင်ငံများ (Small Island Developing States– SIDS)တွင် နေထိုင်သောလူငယ်များအပေါ် အထူးအလေးထားခြင်းဖြစ်သည်။ အဆိုပါနိုင်ငံများရှိ လူငယ်များသည် ဆင်းရဲနွမ်းပါးမှု၊ ရာသီဥတုပြောင်းလဲမှု၊ ပထဝီဝင်အနေအထားအရ သီးခြားတည်ရှိမှု၊ လူမှုရေးဖယ်ကြဉ်ခံရမှု၊ စိတ်ကျန်းမာရေး၊ အရည်အသွေးပြည့်ဝသောပညာရေး၊ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်မရရှိမှု၊ စီးပွားရေး အခွင့်အလမ်းကန့်သတ်မှုများ၊ ဒီဂျစ်တယ်နည်းပညာလက်လှမ်းမမီမှု စသည့် အပြန်အလှန်ဆက်စပ်နေသောစိန်ခေါ်မှုများကို ပိုမိုပြင်းထန်စွာ ရင်ဆိုင်နေရသည်။

သို့သော် ယင်းသို့ ပြင်းထန်ခက်ခဲသည့် စိန်ခေါ်မှုများကြားမှပင် လူငယ်များသည် ၎င်းတို့၏လူမှုအသိုက်အဝန်းနှင့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်နိုင်ရန်အတွက် ခံနိုင်ရည်ရှိမှု၊ ခေါင်းဆောင်မှုနှင့် တီထွင်ဆန်းသစ်နိုင်မှု စွမ်းအားတို့ကို အဆက်မပြတ် ပြသရင်း ရင်ဆိုင်ကျော်လွှားလျက်ရှိကြောင်းကို ယခုနှစ်ဆောင်ပုဒ်က ဖော်ညွှန်းထားပေသည်။

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ လူငယ်ညီလာခံများ၊ လူငယ်ခေါင်းဆောင်မှုဖိုရမ်များ၊ စေတနာ့ဝန်ထမ်းအစီအစဉ်များ၊ အားကစားပြိုင်ပွဲများ၊ ဆန်းသစ်တီထွင်မှုပြိုင်ပွဲများ၊ စွန့်ဦးတီထွင်မှုပြပွဲများ၊ မူဝါဒဆိုင်ရာဆွေးနွေးပွဲများ၊ ဒီဂျစ်တယ်ကျွမ်းကျင်မှု အလုပ်ရုံဆွေးနွေးပွဲများ၊ ရာသီဥတုကောင်းမွန်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများ၊ လူမှုအကျိုးပြုလုပ်ငန်းများ စသည့်လှုပ်ရှားမှုများကို ကျင်းပပြုလုပ်ကြသည်။

အဆိုပါလှုပ်ရှားမှုများသည် ကမ္ဘာတစ်ဝန်းရှိ လူငယ်များအကြား မျှဝေတာဝန်ယူမှု၊ အပြန်အလှန်အားပေးကူညီမှုနှင့် အပြန်အလှန်ချိတ်ဆက်မှုစွမ်းအားတို့ကို မြှင့်တင်ပေးရန် ရည်ရွယ်ခြင်းဖြစ်သည်။ နိုင်ငံတကာအသိုက်အဝန်းအား လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပါဝင်နိုင်သော၊ တန်းတူညီမျှမှုကို အခြေခံသော၊ လူငယ်အားလုံး၏ အမှန်တကယ် လိုအပ်ချက်များကို တုံ့ပြန်ဖြေရှင်းနိုင်သော ဘုံမျှော်မှန်းချက်တစ်ရပ်ကို အတူတကွ အကောင်အထည်ဖော်ရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်ပါသည်။ လူငယ်များ၏ မတူညီသောအခြေအနေများကို နားလည်အသိအမှတ်ပြုခြင်းသည် ကမ္ဘာလုံးဆိုင်ရာ စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာအားကောင်းစေမည်ဖြစ်သည်။

**လူငယ်ဦးရေအချိုးအစား အများဆုံးရောက်ရှိ**

လက်ရှိ ကမ္ဘာ့လူဦးရေသည် ၈ ဒသမ ၃ ဘီလီယံကျော်ရှိပြီး လူငယ်ဦးရေအချိုးအစား အများဆုံးရောက်ရှိနေသည့် ခေတ်ကာလဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ သတ်မှတ်ချက်အရ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းရှိသူများကို "လူငယ်(Youth)"ဟု သတ်မှတ်ထားသော်လည်း နိုင်ငံအသီးသီးတွင် လူငယ်သတ်မှတ်ချက်သည် လူမှုရေး၊ ယဉ်ကျေးမှု၊ မူဝါဒနှင့် ဥပဒေစနစ်များအပေါ်မူတည်၍ ကွဲပြားခြားနားမှုရှိပါသည်။

ကုလသမဂ္ဂ၏ ခန့်မှန်းတွက်ချက်မှုများအရ အသက် ၁၅ နှစ်မှ ၂၄ နှစ်ကြား လူငယ်ဦးရေ ၁ ဒသမ ၃ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုနေပါသည်။ ယင်းလူငယ်ဦးရေ၏ ၈၅ ရာခိုင်နှုန်းကျော်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြောင်း စစ်တမ်းများအရ သိရှိရပါသည်။ လူငယ်များသည် လူ့အဖွဲ့အစည်း၏ အပြောင်းအလဲများကို အလျင်မြန်ဆုံးလက်ခံနိုင်ပြီး ဆန်းသစ်တီထွင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးပြောင်းလဲမှုများကို မောင်းနှင်ပေးနိုင်သည့် အရေးပါသော အင်အားစုများဖြစ်သည်။ သို့ဖြစ်ရာ လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးဆုံးသော လူသားအရင်းအမြစ်များ ဖြစ်ကြပါသည်။

လူငယ်များသည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကိုဖြေရှင်းရန် လက်တွေ့ကျပြီး ဖန်တီးမှုအပြည့်ရှိသောနည်းလမ်းများကို ဖော်ဆောင်နိုင်စွမ်းရှိကာ အရင်းအမြစ်အကန့်အသတ်ရှိသည့် အခြေအနေများအတွင်း၌ပင် ထူးချွန်သောခေါင်းဆောင်မှုကို ပြသလျက်ရှိသည်။ သို့ဖြစ်ရာ SDGs အကောင်အထည်ဖော်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီခိုင်မာအားကောင်းရေး၊ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ရေးတို့တွင် မရှိမဖြစ်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်မှ ၃၅ နှစ်ကြား လူငယ် ၁၇ သန်းခန့်ရှိပြီး နိုင်ငံ့လူဦးရေ စုစုပေါင်း၏ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်းကျော်ဖြစ်ပါသည်။ စာမျက်နှာ ၉ သို့

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ



**တာချီလိတ် ဩဂုတ် ၁၀**

ခရီးသွားလုပ်ငန်းသည် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနေသည့် မီးခိုးမထွက်သောစက်ရုံ (Smokeless Industry) တစ်ခုဖြစ်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်၊ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က တာချီလိတ်မြို့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းကို အနှစ်သာရပြည့်ဝသည့် ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်း(Cultural Tourism)အဖြစ် တန်ဖိုးမြှင့်တင်ပေးပြီး မိမိတို့၏ အဖိုးတန်ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာကသိအောင် ဖော်ထုတ်ပြသရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် ထင်ရှားသည့်ဆရာတော်ကြီးများ၏ သာသနာရေးဆိုင်ရာ အခမ်းအနားများ၊ သာသနိကအဆောက်အအုံများနှင့် တိုင်းရင်းသားပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာ မှီတင်းနေထိုင်ကြသည့် ဒေသဖြစ်သည်နှင့်အညီ တိုင်းရင်းသားလူမျိုးများ၏ ထူးခြားလှပသော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ကမ္ဘာက ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်စေရန် ပွဲတော်အခြေပြု ခရီးသွားလုပ်ငန်း (Festival Tourism)ကို မြှင့်တင်ရန်၊ တိုင်းရင်းသားများ၏ဒေသထွက်ရိုးရာအစားအသောက်များကို ပြည်တွင်း၌သာမက နိုင်ငံတကာက သိရှိကြိုက်နှစ်သက်စေရန် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း (Gastronomy Tourism)ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ ထိုင်းနိုင်ငံ၌ကျင်းပသော ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ (Alms Offering Ceremonies)ကဲ့သို့ ဘာသာရေးနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာပွဲတော်များကို ပေါင်းစပ်ဖော်ထုတ်ဆောင်ရွက်ရန်၊ ခြေလျင်တောင်တက်ခြင်း၊ တောတွင်းလမ်းလျှောက်ခြင်းစသည့် စွန့်စားခရီးသွားလုပ်ငန်း (Adventure Tour-ism)နှင့် သဘာဝအခြေပြုခရီးသွားလုပ်ငန်း (Eco-tourism)တို့ကို မြှင့်တင်ဆောင်ရွက်ရန်၊ ဒေသခံတို့၏ လူမှုစီးပွားဘဝကို တိုက်ရိုက်အကျိုးပြုသည့် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း (Community-Based Tourism)ကို တိုးချဲ့မြှင့်တင်ဖော်ဆောင်ကြရန် လိုအပ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းလည်း တိုက်တွန်းပြောကြားခဲ့သည်။

အလားတူ တက်ရောက်လာသည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက ကြုံတွေ့နေရသည့်အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့ပြင် ဝမ်ပုံဆိပ်ကမ်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာ-လာအို-ထိုင်း သုံးနိုင်ငံနယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်း (Cross-border Tourism) ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် မဲခေါင်မြစ်ကြောင်းတစ်လျှောက် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာ အပန်းဖြေလည်ပတ်နိုင်မည့် အပျော်စီးမြစ်ကြောင်း လေ့လာရေးခရီးစဉ်များ ဖော်ထုတ်ဆောင်ရွက်ရေးမှာကြားပြီး ရွှေတြိဂံဟိုတယ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကြယ်ပွင့်ပြမေးခွန်းရှစ်ခု မေးမြန်းဖြေကြား



**ဘားအံ ဩဂုတ် ၁၀**

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဘားအံမြို့ အမှတ် (၄) ရပ်ကွက်ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးက လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကြယ်ပွင့်ပြမေးခွန်း ရှစ်ခုကို မေးမြန်းရာ သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

**ဖတ်ကြားတင်သွင်း**

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကိုက အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ သဘောထားရယူ၍ အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ မှတ်တမ်းတင်သည်။

အစည်းအဝေးတွင် ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညီညီဇော်က ကရင်ပြည်နယ် စာကြည့်တိုက်ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်သို့ ဖတ်ကြားတင်သွင်း၍ ပြည်နယ်ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြကာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာကာ အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

❐ စာမျက်နှာ ၈ မှ

အသက် ၁၅ နှစ်မှ ၆၄ နှစ်ကြား အလုပ်လုပ်နိုင်သောအရွယ် (Working Age Population) သည် စုစုပေါင်းလူဦးရေ၏ ၆၆ ဒသမ ၉ ရာခိုင်နှုန်းအထိရှိလာပြီး ယင်းသည် မြန်မာ့လူဦးရေသမိုင်းတွင် အမြင့်ဆုံးအချိုးအစားဖြစ်သည်။ သို့ဖြစ်ရာ လူငယ်များကိုဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေမည်ဖြစ်သည်။ လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အတက်ကြွဆုံးနှင့် အင်အားအကောင်းဆုံး လူ့စွမ်းအားအရင်းအမြစ်များဖြစ်ရာ လူငယ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံတော်အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်ဟု ဆိုနိုင်မည်ဖြစ်သည်။

**လူငယ်ရေးရာဝန်ကြီးဌာန သီးခြားဖွဲ့စည်းထားရှိသည့် ပထမဦးဆုံးသောနိုင်ငံ**

အရှေ့တောင်အာရှနိုင်ငံများတွင် လူငယ်ရေးရာဝန်ကြီးဌာနကို အားကစား၊ ပညာရေး၊ ယဉ်ကျေးမှု၊ လူမှုဖွံ့ဖြိုးရေး စသည့်အခြားကဏ္ဍများနှင့် ပေါင်းစပ်ဖွဲ့စည်းထားရှိခြင်းဖြစ်ရာ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် လူငယ်ရေးရာဝန်ကြီးဌာန သီးခြားဖွဲ့စည်းထားရှိသည့် ပထမဦးဆုံးသောနိုင်ငံဟု ဆိုနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ လူငယ်များ စနစ်တကျ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆောင်လမ်းပြပေးနိုင်ရန် မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်(၂၀၂၅-၂၀၂၉)ကို အဓိကကဏ္ဍ ၁၆ ရပ်၊ မဟာဗျူဟာလုပ်ငန်းစဉ် ၅၈ ချက်၊ ဆောင်ရွက်ရန် အစီအစဉ် ၁၂၁ ချက်တို့ဖြင့် ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်။

အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များပါဝင်မှုကို မြှင့်တင်ရန်နှင့် လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ ရည်မှန်းချက်နှင့် စိတ်ဝင်စားမှုများကို ကူညီပံ့ပိုးပေးနိုင်ရန် နိုင်ငံရေးအရောင်အသွေးကင်းသော၊ အားလုံးပါဝင်နိုင်သော၊ အသက်အရွယ်ပိုင်းခြားသတ်မှတ်ထားသော၊ ကျွမ်းကျင်မှုအတတ်ပညာကို အလေးထားသော၊ မြန်မာနိုင်ငံရှိ လူငယ်အားလုံးကိုကိုယ်စားပြုသည့် အမျိုးသားအဆင့် လူငယ်အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းဆောင်ရွက်သွားရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့သည် အထိမ်းအမှတ်နေ့တစ်နေ့သာမဟုတ်ဘဲ လူငယ်များ၏ အခွင့်အရေး၊ အလားအလာ၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုသဟဇာတဖြစ်မှု၊ သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်နိုင်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် လူမှုရေးပါဝင်မှုတို့ကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မြှင့်တင်ပေးသည့် အရေးပါသော လှုပ်ရှားမှုတစ်ရပ်ဖြစ်သည်။ ထိုမှတစ်ဆင့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းနိုင်သော ဆန်းသစ်သည့်နည်းလမ်းများကို လူငယ်များကိုယ်တိုင် ဦးဆောင်ဖန်တီးကာ ဘုံမျှော်မှန်းချက်ဖြစ်သည့် လူ့အဖွဲ့အစည်းငြိမ်းချမ်းရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံလူဦးရေ၏ အကြီးမားဆုံး အစိတ်အပိုင်းတစ်ခုဖြစ်သော လူငယ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့်အားလျော်စွာ အနာဂတ်ဖွံ့ဖြိုးတိုးရေးလုပ်ငန်းစဉ်များတွင် လူငယ်များ စနစ်တကျပူးပေါင်းပါဝင်နိုင်မည့် ပလက်ဖောင်းတစ်ခုတည်ဆောက်ပေးခြင်းဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် အနာဂတ်မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတွင် လူမှုသဟဇာတဖြစ်စေရေးနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းစဉ်များအတွက်လည်း အခြေခံအုတ်မြစ်တစ်ရပ်အဖြစ် တည်ဆောက်ပေးနိုင်မည်ဖြစ်သည်။

အသိဉာဏ်ပညာနှင့် ကိုယ်ကျင့်တရား မျှတစွာဖွံ့ဖြိုးသည့် လူတော်လူကောင်းများဖြင့်သာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ လူငယ်များအနေဖြင့်လည်း လက်ရှိနိုင်ငံတော်က အရေးတကြီး လိုအပ်လျက်ရှိသည့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ကြရမည်ဖြစ်သည်။

အချုပ်အားဖြင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ဘဝနောက်ခံအခြေအနေများ မတူညီကြသည့်တိုင် နိုင်ငံကိုဖွံ့ဖြိုးလိုစိတ်၊ နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်အပြည့်ဖြင့် ဘုံရည်မှန်းချက်ဖြစ်သည့် ငြိမ်းချမ်းသာယာဝပြောသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲစေရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ကြမှသာ "စွမ်းရည်ပြည့်ဝသောလူငယ်၊ အားကောင်းသောနိုင်ငံ၊ မျှဝေပိုင်ဆိုင်သောအနာဂတ်" "Empowered Youth, Strong Nation, Shared Future" ကို ဖော်ဆောင်ကြမည့်လူငယ်များ မြန်မာ့မြေပေါ်တွင် ကြွယ်ဝလာမည်ဖြစ်ကြောင်းတင်ပြရင်း ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

**ကျမ်းကိုး-**

၁။ https://afforum.org/new/web/events/international-youth-day-2026.
၂။ https://social.desa.un.org/issues/youth/events/international-youth-day-2026.
၃။ မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒ၊ ၂၀၁၇ ခုနှစ်။
၄။ မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၈ ရက်။
၅။ မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၆ ခုနှစ် မတ်လ ၂၇ ရက်။
၆။ မြန်မာ့အလင်းသတင်းစာ၊ ၂၀၂၆ ခုနှစ် ဩဂုတ်လ ၁ ရက်။

# အလုပ်သမားဝန်ကြီးဌာန၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၀**

အဂတိလိုက်စားမှုပုံစံအားလုံးသည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဟောပြောပွဲမှ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အသိအမြင်၊ ဗဟုသုတများရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ကြစေလိုကြောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက တိုက်တွန်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဝန်ထမ်းများအနေဖြင့် အခမ်းအနားမှရရှိသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိအမြင်



ဗဟုသုတများကို ပြန်လည်မျှဝေပေးကြရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ကိုယ်တိုင်မှစပြီး မပါဝင်ကြရန် တိုက်တွန်းပြောကြားသည်။

ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဆန်းတင့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးဟောပြောပြီး တက်ရောက်လာသူများက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးညွန့် ခေါင်းဆောင်၍ အလုပ်သမားဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် သီရိမင်္ဂလာဈေးသစ် (တတိယပိုင်း) တည်ဆောက်လျက်ရှိ

**လွိုင်ကော် ဩဂုတ် ၁၀**

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကယားပြည်နယ် အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် သီရိမင်္ဂလာဈေးသစ် (တတိယပိုင်း) တည်ဆောက်လျက် ရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါဈေးသစ်၌ Steel Structure တစ်ထပ်ဈေးရုံ ၁၄ ရုံနှင့် Steel Structure နှစ်ထပ်ဈေးရုံ နှစ်ရုံ တည်ဆောက်နေမှုတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ အရည်အသွေးစစ်ဆေးရေးအဖွဲ့က လုပ်ငန်းပိုင်းအလိုက် စဉ်ဆက်မပြတ် စစ်ဆေးရန်၊ မီးဘေးအန္တရာယ် လုံခြုံရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။



ထို့ပြင် ပန်ကန်းတိုးချဲ့ရပ်ကွက်ရှိ ဦးရှမ်းမလား၏ ဒေသန္တရမွေးမြူရေးခြံနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ (ကယားပြည်နယ်)ဖြင့် ဆောင်ရွက်သည့် ဦးရဲမင်းနိုင်၏ အသားတိုးကြက် မွေးမြူရေးခြံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ နောင်ယား(ခ) ရပ်ကွက်ရှိဝန်ထမ်းများနှင့် ပြည်သူများအား ကြက်ဥနှင့် ဝက်သားများ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကိုလည်း ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ်၌ ချမ်းမြေ့ရောင်းဝယ်ရေး သမဝါယမအသင်း အမှုဆောင်ရွေးချယ်ပွဲ ပြုလုပ်

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ ချမ်းမြေ့ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့က (ည)ရပ်ကွက် သာသနာ့လင်းရောင်ခြည်ဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သီတာမွန်က အသင်းများအနေဖြင့် သမဝါယမအသင်းဥပဒေအရ အမှုဆောင်ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့်စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းစာရင်းစစ် ဦးခင်မောင်ဦးက ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်များရယူကာ အမှုဆောင်ရွေးချယ်ခဲ့ကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**




# MIFFA မှ Myanmar Logistics Association (MLA)အဖြစ် ပြောင်းလဲဖွဲ့စည်း



**ရန်ကုန် ဩဂုတ် ၁၀**

လက်ရှိပြောင်းလဲတိုးတက်လာသော Logistics ကဏ္ဍစုံကိုပိုမိုကျယ်ပြန့်စွာ ကိုယ်စားပြုနိုင်ရန် MIFFA မှ “Myanmar Logistics Association (MLA)” အဖြစ် ပြောင်းလဲဖွဲ့စည်းခြင်း အခမ်းအနားကိုဩဂုတ်၉ရက်တွင်ရန်ကုန်မြို့ရှိ UMFCCI ၌ ကျင်းပသည်။

ထိုသို့ အသင်းနာမည်ပြောင်းလဲခြင်းသည် ပထမဦးဆုံးအကြိမ်အဖြစ် ပြောင်းလဲခြင်းဖြစ်ပြီး အဆိုပါအသင်းတွင် မြန်မာကုမ္ပဏီ ၈၀၀ ကျော်နှင့် မြန်မာကုမ္ပဏီများဖြင့် တွဲဖက်လုပ်ကိုင်နေသည့် နိုင်ငံခြားကုမ္ပဏီ ၃၀၀ ကျော် ရှိကြောင်း သိရသည်။

“ကျွန်တော်တို့အသင်းရဲ့ အဓိကရည်မှန်းချက်က ထောက်ပံ့ပို့ဆောင်ရေး ကုန်ကျစရိတ်တွေ လျှော့ချနိုင်ဖို့၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေဖို့နဲ့ ကုန်သွယ်မှုပမာဏ တိုးမြှင့်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေးပဲဖြစ်ပါတယ်။ လက်ရှိပြောင်းလဲတိုးတက်လာတဲ့ Logisticsကဏ္ဍစုံကို ပိုမိုကျယ်ပြန့်စွာ ကိုယ်စားပြုနိုင်ရန်အတွက် အသင်းရဲ့အမည်ကို “MIFFA”မှ Myanmar Logistics Association (MLA)” အဖြစ် ပြောင်းလဲဖွဲ့စည်းဖို့ အသင်းသားတွေထံမှ သဘောတူညီချက် ရယူလိုခြင်းဖြစ်ပါတယ်”ဟု MLA ဥက္ကဋ္ဌ ဦးကျော်လွင်ဦးက ပြောသည်။

အဆိုပါ အမည်ပြောင်းလဲဖွဲ့စည်းခြင်းသည် အမည်တစ်ခုပြောင်းလဲခြင်းမျှသာ မဟုတ်ဘဲ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အမြင်များနှင့် လိုက်လျောညီထွေရှိပြီး ပိုမိုထိရောက်သော၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ ရေရှည်တည်တံ့သော Logistics System တစ်ရပ် တည်ဆောက်ရေးအတွက် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း (MIFFA)သည် ပြည်တွင်းတွင် MTLF နှင့် UMFCCI တို့၏ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိကာ နိုင်ငံတကာအဆင့်တွင်လည်း FIATA နှင့် AFFA တို့၏ National Level Member အဖြစ်သာမက IRU အပါအဝင်ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများနှင့် ခိုင်မာစွာ ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**MT**

# ပုသိမ်မြို့၌ ပြည်သူ့စကားဝိုင်းကျင်းပ

**ပုသိမ် ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက် ကုသိနာရုံဓမ္မာရုံ၌ ဩဂုတ် ၆ ရက်တွင် “သဘာဝဘေးအန္တရာယ် ဝိုင်းဝန်းစုပေါင်းကာကွယ်” ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူရည်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်မီးသတ်ဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**



## မတ္တရာမြို့နယ်အတွင်း ရေဝင်ရောက်ခဲ့သည့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများ ပေးအပ်

မန္တလေး ဩဂုတ် ၁၀



မန္တလေး တိုင်းဒေသကြီး မိုးကုတ်မြို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ဆည်တော်ကြီး ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု များပြားခဲ့သည့်အတွက် ဆည်တော်ကြီး ရေလှောင်တမံ ဘေးကင်းလုံခြုံမှုရှိစေရန် ပိုလျှံရေများကို ထိန်းညှိလျှော့ချခဲ့ရာ အောင်မြေသာစံခရိုင် မတ္တရာမြို့နယ်အတွင်း ကျောက်စရစ်ကုန်း(တောင်) ကျေးရွာအုပ်စု မန္တလေး – မိုးကုတ်လမ်းပေါ်တွင် ရေကျော်ခြင်း၊ ကျောက်စရစ်ကုန်း(တောင်)ကျေးရွာများတွင် ရေဝင်ရောက်ခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ရေဝင်ရောက်ခဲ့သည့် ကျောက်စရစ်ကုန်း (တောင်) ကျေးရွာအုပ်စု ဇီးဖြူပင်ကုန်း ကျေးရွာတွင် ရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပြီး နယ်မြေခံ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်းကာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီရွှေ့ပြောင်းခြင်းကို အင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

အဆိုပါရေဘေးကယ်ဆယ်ရေး စခန်းရှိပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ သွားရောက်စဉ် ကယ်ဆယ်ရေးစခန်း၌ နေထိုင်စဉ်ကာလအတွင်း အဆင်ပြေစေရေးအတွက် ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်နှင့် ဆေးဝါးများ လာရောက်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများ လိုအပ်သောအသုံးအဆောင်ပစ္စည်းများကိုလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ရေလွှမ်းခဲ့မှုကြောင့် ကျေးရွာအုပ်စု ၁၃ အုပ်စုမှ စိုက်ပျိုးပြီးစီးခဲ့သည့် မိုးစပါး ၁၉၀၈ ဧက၊ အစေ့ထုတ်ပြောင်း ငါးဧက၊ နေကြာ ၁၅ ဧကနှင့် ကွမ်းရွက်ခြံ ဧက ၁၂၀ ထိခိုက်ပျက်စီးခဲ့မှုအပေါ် စနစ်တကျ စိစစ်၍ ပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည့် စက်ကိရိယာများ၊ နည်းပညာများ၊ သွင်းအားစုများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ သဘာဝ ဘေးအန္တရာယ်၏ နောက်ဆက်တွဲပါရှိလာတတ်သည့် ကျန်းမာရေး ပြဿနာများကို အားလုံး အထူးသတိပြုရှောင်ရှားနေထိုင်သွားကြရန် အရေးကြီးကြောင်းနှင့် ရေများ ပြန်လည်ကျဆင်းသွားပါက နေရပ်များတွင် ပြန်လည်နေထိုင်နိုင်ရန် သက်ဆိုင်ရာဌာနများက စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ ရေဘေးသင့် အိမ်ခြေ ၈၅ လုံးမှ အိမ်ထောင်စု ၈၅ စု၊ လူဦးရေ ၂၈၅ ဦးအတွက် ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့ပြင် ရေဝင်ရောက်ခဲ့သည့် ကျေးရွာများအတွင်း ရေများ ပြန်လည်ကျဆင်းနေမှုအခြေအနေ၊ ရေကျော်ခဲ့သည့် ကျောက်စရစ်ကုန်း(တောင်)ကျေးရွာ (မန္တလေး–မိုးကုတ်) ကားလမ်းပေါ်တွင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ အဆင်ပြေချောမွေ့စွာ၊ ဘေးကင်းလုံခြုံစွာ ဖြတ်သန်းသွားလာနိုင်ရေး နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ပေးနေမှု၊ ချောင်းမကြီးချောင်းကိုဖြတ်၍ တည်ဆောက်ထားသည့် တံငါတံတားကြွခိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ချောင်းမကြီးချောင်းအနီးဝန်းကျင် ရေဝင်ရောက်ခဲ့မှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ညောင်ဦးမြို့ အမှတ်(၅)ရပ်ကွက် သီလရင်စုရပ်ရှိ ရေဘေးသင့်အိမ်ထောင်စုများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေး

ညောင်ဦး ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဝင်ရောက်သည့် ညောင်ဦးမြို့ အမှတ်(၅)ရပ်ကွက် သီလရင်စုရပ်ရှိ ရေဘေးသင့်အိမ်ထောင်စုများအား အန္တရာယ်ကင်းဝေးစေရန် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက ချက်ချင်းသွားရောက်ပြီး ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးသည်။

ညောင်ဦးမြို့နယ်မီးသတ် ဦးစီးမှူးဦးဆောင်သော ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့ အမှတ်(၅)အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့်အတူ ညောင်ဦးမြို့ အမှတ်(၅)ရပ်ကွက် သီလရင်စုရပ်ရှိ ရေဘေးသင့် အိမ်ထောင်စု သုံးစုအား အဆိုပါ ရပ်ကွက်ရှိရေဘေးလွတ်ရာ မြသိန်းတန်ဘုရား(ယာယီရေဘေးရှောင်စခန်း)သို့ စနစ်တကျ ကူညီရွှေ့ပြောင်းပေးသည်။

ညောင်ဦးမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မြစ်ကမ်းဘေးတစ်လျှောက် လူနေအိမ်အချို့နှင့် မြေနိမ့်ပိုင်းရပ်ကွက်အချို့တွင် မြစ်ရေများ စတင်ဝင်ရောက်လျက်ရှိရာ မြစ်ရေကြီးမှုနှင့် ပတ်သက်ပြီး ပြည်သူများ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ညောင်ဦးမြို့နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မြစ်ရေကြီးမှုအခြေအနေအား အချိန်နှင့် တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



## စဉ့်ကိုင်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒုဋ္ဌဝတီမြစ်ကမ်းဘေးရှိ ကျေးရွာများအတွင်း မိုးရေများ ဝင်ရောက်လျက်ရှိ

စဉ့်ကိုင် ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ယမန်နေ့ညနေပိုင်းမှ စတင်၍ မိုးသည်းထန်စွာရွာသွန်းပြီး ဒုဋ္ဌဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မြစ်ကမ်းနံဘေးရှိညော့်ပြကျေးရွာအုပ်စုနှင့် ပလိပ်ကျေးရွာအုပ်စုရှိ နေအိမ်များအတွင်း မိုးရေများ ဝင်ရောက်လျက်ရှိသည်။

အဆိုပါ ရေဝင်ရောက်မှုအခြေအနေကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ရေဝင်ရောက်လျက်ရှိသည့် ညော့်ပြကျေးရွာ၊ ကျွန်းဦးကျေးရွာ၊ မက္ခရာကျေးရွာတို့ရှိ အိမ်ခြေ ၁၃၈ အိမ်၊ အိမ်ထောင်စု ၁၃၈ ခုမှ လူဦးရေ ၅၉၀ နှင့် တိရစ္ဆာန်ကောင်ရေ ၃၁၅ ကောင်၊ ပလိပ်ကျေးရွာအုပ်စု အင်လျား(အရှေ့)ကျေးရွာ၊ အင်းလျား (အနောက်)ကျေးရွာ၊ စိတ္တရကျေးရွာ၊ တံတားဦးလေးကျေးရွာ၊ သာယာကျွန်းကျေးရွာ၊ ဘူတာကျေးရွာတို့ရှိ အိမ်ခြေ ၃၁၆ အိမ် အိမ်ထောင်စု ၃၁၉ ခုမှ လူဦးရေ ၁၂၂၀ နှင့် တိရစ္ဆာန်ကောင်ရေ ၁၃၅ ကောင်တို့အား ရေဘေးလွတ်ရာနေရာများသို့ ကူညီကယ်ဆယ် ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရေကျဆင်းသွားသည့်နေရာများအား သန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၀

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ် ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု ဖြစ်ပွားခဲ့သဖြင့် ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်း လမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂၁ ရွာ၊ ဟင်္သာတမြို့နယ်တွင် ကျေးရွာ ၃၇ ရွာ၊ ရေကြည်မြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၉ ရွာ၊ သေိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျုံပျော်မြို့နယ်တွင် ကျေးရွာ ခြောက်ရွာ စုစုပေါင်း မြို့ပေါ် ရပ်ကွက် ကိုးခုနှင့် ကျေးရွာ ၁၈၃ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားများ စုပေါင်း၍ ရေဘေးသင့် ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ငဝန်ပန်းတာမှ ရေဝင်လမ်း ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာ ရေဝင်လမ်းအား Geobags အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့်နေရာများရှိ စာသင်ကျောင်းများ၊ လမ်းများတွင် တင်ကျန်ခဲ့သည့် နုန်းမြေများ၊ အမှိုက်များအား နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ညှိနှိုင်းဆွေးနွေး

ပုသိမ် ဩဂုတ် ၁၀



ရေဘေးသင့် ဒေသများတွင် ဆက်လက် ဆောင်ရွက်ရမည့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ရေဘေးသင့်ဒေသများ ပြန်လည် ထူထောင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်၊ စပါးပြန်လည်စိုက်ပျိုးနိုင်ရေး မြေယာပြုပြင်ခြင်း၊ စက်ယန္တရား၊ မျိုးစေ့နှင့် သွင်းအားစုများ ကြိုတင်ပြင်ဆင်ထားရန်၊ စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျန်းမာရေး၊ ကူညီထောက်ပံ့ရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများကို ကြိုတင်တွက်ချက်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး သက်ဆိုင်ရာကော်မတီများက ပြန်လည် ထူထောင်ရေး လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စေတနာရှင်ပြည်သူများ လှူဒါန်းသည့် အလှူငွေများနှင့် လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရုံးဝန်ထမ်းမိသားစုများက လှူဒါန်းသည့် ဆန်အိတ် ၂၀၀ ကို လက်ခံရယူသည်။

အစည်းအဝေး အပြီးတွင် ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက်၌ ကျင်းပသည့် ရေကြည်မြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်၍ရေဘေး အခြေအနေများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ရေကြည်မြို့ မြို့မရပ်ကွက် မိတ္ထီလာရိုးချောင်းအတွင်း ရေဝင်ရောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ ညနေပိုင်းကလည်း နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်းကို မအူပင်မြို့ အမှတ်(၁)ရပ်ကွက် မြို့ရှောင်လမ်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားခဲ့ပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုင်းတုံမြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

မိုင်းတုံ ဩဂုတ် ၁၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နားကောင်းမူ-ဘဝသစ် ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ကွင်းဆင်းတိုင်းတာခြင်းကို ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာလင်း၊ မိုင်းဆတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအေးလွင်နှင့် တာဝန်ရှိသူများက နားကောင်းမူ-ဘဝသစ် ကျေးရွာချင်းဆက်လမ်းအရှည် (၀/၂)မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



မိုင်းတုံမြို့နယ်အတွင်း အဆိုပါ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂၆ ဒသမ ၄ သန်းဖြင့် မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

# ပြင်ဦးလွင်မြို့နယ်၌ မီတာအသစ်တပ်ဆင်ပေး

ပြင်ဦးလွင် ဩဂုတ် ၁၀

ပြင်ဦးလွင်မြို့နယ်၌ အွန်လိုင်းစနစ်သစ်ဖြင့် မစတင်မီ ယခင်စနစ်ဟောင်းဖြင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးသို့ အိမ်သုံးမီတာလျှောက်ထားကာ သတ်မှတ်ကြေးပေးသွင်းပြီးသော မိဘပြည်သူများအား မီတာလျှောက်ထားမှု တန်းစီစာရင်းအလိုက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက မြို့နယ်လျှပ်စစ်မန်နေဂျာဦးကျော်သူဟန်နှင့် ဒု-မြို့နယ်လျှပ်စစ်မန်နေဂျာတို့က ဦးစီး၍ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသည့် မီတာလျှောက်ထားသူများအား မီတာတပ်ဆင်ပေးခဲ့သည်။ ထို့နောက် လျှပ်စစ်မီတာများ၏ လုံခြုံမှုနှင့် ပုံမှန်အသုံးပြုနိုင်ရေးတို့ကို ဝန်ထမ်းများက စစ်ဆေးဆောင်ရွက်ပေးခဲ့ကြသည်။



မီတာအသစ် တပ်ဆင်ပြီးစီးခြင်းကြောင့် ဒေသခံပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို စနစ်တကျ ပိုမိုအသုံးပြုနိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များလည်း ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်သည်။ ဩဂုတ် ၁၅ ရက်မှစ၍ အိမ်သုံးမီတာလျှောက်ထားရာတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်သို့ဝင်ရောက်၍ အွန်လိုင်းစနစ်ဖြင့် လျှောက်ထားနိုင်မည်ဖြစ်ပြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်)မှ စဉ်ဆက်မပြတ်စောင့်ကြည့်ကာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သတ်မှတ်ချက်များ ပြည့်စုံစွာ စိစစ်ဆောင်ရွက်ပြီးပါက မီတာတပ်ဆင်နိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၀

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၁၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။

**မိုး/ဇလ**

# သန်လျင်မြို့နယ်၌ ကျေးရွာမြေငှားဂရန်ထုတ်ပေး

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာနေပြည်သူများ၏ နေအိမ်များအား ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ယင်းကျေးရွာရှိ အရှေ့ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ဦးစွာ သန်လျင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းကိုက အမှာစကားပြောကြားသည်။

ဆက်လက်၍ သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းကိုနှင့် တာဝန်ရှိသူများက ကျေးလက်နေပြည်သူများအား မြေငှားဂရန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**





တရားခံ မကြည်ကြည်အေး(ခ)ကြည်အေး(ခ)အမိုးနှင့် နန်းမြရင် (ခ)မအေးငြိမ်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# ချမ်းမြသာစည်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၉ ကီလိုကျော် သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၀

ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် ၁၀၇(F)လမ်း ၄၈ လမ်းနှင့် ၄၉ လမ်းကြား၌ ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၉ ကီလိုကျော်ကို Hiject ယာဉ်တစ်စီးနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်ဩဂုတ် ၃ ရက်ည ၈ နာရီခွဲတွင် သတင်းအရ ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် ၁၀၇(F) လမ်း ၄၈ လမ်းနှင့် ၄၉ လမ်းကြား၌ မကြည်ကြည်အေး (ခ) မကြည်အေး (ခ)အမိုးနှင့် နန်းမြရင် (ခ)မအေးငြိမ်းတို့ နှစ်ဦးအား ရောင်စုံပလတ်စတစ် ဆပ်ပြာခွက် ၆၆၀၀ ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၅၉ ဒသမ ၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၄၈၅ ဘီလီယံ)အား Hiject ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ဘိန်းဖြူများကို ချမ်းမြသာစည်မြို့နယ် ၆၁(ဘီ)လမ်းနှင့် ၁၁၁ လမ်းထောင့်တွင် လွှဲပြောင်းပေးခဲ့သူ ကျောက်မဲမြို့နေ စိုင်းနော်ခမ်း (ဖမ်းဆီးရန်ကျန်) နှင့် လားရှိုးမှ မန္တလေးသို့ ပို့ဆောင်ရောင်းချပေးသူမှာ လားရှိုးမြို့နယ်နေ အန်ဇန် (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၁၀

တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။


ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်နေ အမျိုးသမီးနှစ်ဦးကို ၎င်းတို့နှင့် ခင်မင်ရင်းနှီးသည့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် တဖန်းပင်ကျေးရွာအုပ်စုနေ အေးသီတာနှင့် ခိုင်မွန်ဂျာတို့သားအမိက တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ် သိန်း ၁၂၀ ခန့်ရမည်၊ တရုတ်အမျိုးသားနှင့် တရားဝင်မင်္ဂလာဆောင်ပေး၍ တရားဝင်နေထိုင်နိုင်ရေးလုပ်ပေးမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် အေးသီတာက မူဆယ်မြို့သို့ ခေါ်ဆောင်လာကြောင်း စိစစ်သိရှိရသဖြင့် မူဆယ်မြို့မရဲစခန်း(ပ) ၁၀၈/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၇ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ အေးသီတာအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ခိုင်မွန်ဂျာအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လဲချားမြို့နယ် ဆီးဆောကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃၄ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၀

မြန်မာနိုင်ငံ အစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နယ်မြေဒေသအသီးသီး၌ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ရှာဖွေစစ်ဆေးဖော်ထုတ်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။




ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ ဆီဆောကျေးရွာအနီးတွင် တရားမဝင်အွန်လိုင်းလောင်းကစား လုပ်ကိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား အမျိုးသား ၃၄ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုပြပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့များ ပါဝင်သော တပ်မတော်စစ်ကြောင်းများသည် လိုအပ်သည့် ရှာဖွေစိစစ်မှုများ ဆောင်ရွက်စဉ် ယနေ့နံနက်ပိုင်းတွင် လဲချားမြို့နယ် ဆီးဆောကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၂၅၀၀ ခန့်သို့ အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ပေ၅၀၊ အနံ ပေ၂၀၊ အမြင့် ၁၅ ပေ ယာယီအလုပ်ရုံမိုးကာတဲတစ်လုံး၊ အလျား ပေ ၆၀၊ အနံ ပေ ၂၀၊ အမြင့် ၁၅ ပေ ယာယီလူနေမိုးကာတဲ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၀ ပေ ထမင်းချက်ဆောင်မိုးကာတဲ တစ်လုံး၊ အလျားပေ ၃၀၊ အနံ ပေ၂၀၊ အမြင့် ၁၅ ပေ ယာယီလူနေမိုးကာတဲ တစ်လုံး၊ Star Link ၁၀ စုံ၊ Star Link ဗန်းနှစ်ခု၊ Laptop ၂၅ လုံး၊ Power Station ခြောက်လုံး၊ Wifi U6 Pro ခြောက်ခု၊ Freezer (အလတ်) တစ်လုံး၊ ပလတ်စတစ်စားပွဲ၊ ကုလားထိုင်များ၊ မီးစက် နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် အဆိုပါ နေရာတစ်ဝိုက်အား ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဆီးဆောရွာ၏အရှေ့တောင်ဘက် မီတာ ၂၀၀၀ခန့်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၁၁ဦးတို့အား လည်းကောင်း၊ ဆီးဆောရွာ၏ တောင်ဘက် မီတာ ၁၇၀၀ ခန့်တွင် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၆ ဦးအားလည်းကောင်း အသီးသီး ထပ်မံဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ခဲ့ သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃၄ ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



လဲချားမြို့ ဆီဆောကျေးရွာအနီး၌ အွန်လိုင်းလောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်တရုတ်နိုင်ငံသားများအား ဖမ်းဆီးရမိစဉ်။



လဲချားမြို့နယ် ဆီးဆောကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

# ထိုင်းနိုင်ငံ၌ ဘတ်စ်ကားနှင့် ရထားတိုက်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့သည့် မြန်မာနိုင်ငံသားတစ်ဦး ဘတ် နှစ်သန်း လျော်ကြေးရရှိ

ရန်ကုန် ဩဂုတ် ၁၀

ထိုင်းနိုင်ငံ၌ ဘတ်စ်ကားနှင့် ရထားတိုက်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့သည့် မြန်မာနိုင်ငံသားတစ်ဦးအတွက် ဘတ်နှစ်သန်း လျော်ကြေးရရှိခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံးမှ သိရသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ မက္ကဆန်ဘူတာအနီး မီးရထားသံလမ်းကူးတွင် ခရီးသည်တင်ဘတ်စ်ကားနှင့် ရထားတို့တိုက်မိ၍ မီးလောင်မှုဖြစ်ပွားခဲ့ရာမှ ကွယ်လွန်သွားခဲ့ရသူ မအေးအေးမြင့်၏ ကျန်ရစ်သူမိသားစုထံသို့ ထိုင်းနိုင်ငံ လူမှုဖူလုံရေးဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ ရရှိစေရေး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံး၏ ကြီးကြပ်မှုဖြင့် အလုပ်သမား သံအရာရှိရုံးက ကူညီဆောင်ရွက်ပေးခဲ့သည်။

ထိုကဲ့သို့ ဆောင်ရွက်ပေးခဲ့မှုကြောင့် မအေးအေးမြင့်၏ မိသားစုအနေဖြင့် ရထိုက်သည့် အကျိုးခံစားခွင့် ထိုင်းဘတ်ငွေ နှစ်သန်းအား ဇူလိုင်၁၅ရက်တွင် ထုတ်ယူရရှိခဲ့ပြီးဖြစ်ကြောင်း အလုပ်သမားသံအရာရှိရုံးမှ ဩဂုတ် ၉ ရက်တွင် ထုတ်ပြန်ထားသည်။ ထို့ကြောင့် ကွယ်လွန်သူ၏အစ်ကိုဖြစ်သူက ၎င်းတို့၏ မိသားစုကိုယ်စား ဩဂုတ်၅ ရက်တွင် အလုပ်သမား သံအရာရှိရုံးသို့ ကိုယ်တိုင်လာရောက်၍ သံရုံးနှင့် အလုပ်သမားသံအရာရှိရုံးမှ တာဝန်ရှိသူများ၏ ကူညီဆောင်ရွက်ပေးမှုများအပေါ် အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်ကို အလုပ်သမားသံအရာရှိရုံးမှ ထုတ်ပြန်ထားသည်။

အလုပ်သမားသံအရာရှိရုံးအနေဖြင့် မြန်မာအလုပ်သမားများ၏ အလုပ်သမားရေးရာကိစ္စရပ်များ၊ ကျန်းမာရေး၊ အာမခံကြေး၊ လုပ်ခလစာရရှိမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံညှိနှိုင်း၍ ကူညီပေးလျက်ရှိပြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အလုပ်သမားသံအရာရှိရုံး ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း တိကျစွာသတင်းပေးပို့ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

MT

# ကမ္ဘာ့ဈေးကွက်တွင် အသုံးများလာသည့် ဝါးအခြေပြုထုတ်ကုန်များ

ဒေါက်တာမောင်အောင်

**မြန်မာနိုင်ငံအနေဖြင့် လယ်ယာကဏ္ဍကို အခြေပြု၍ တိုးတက်ဖွံ့ဖြိုးမှုနည်းလမ်းများကို အထူးဦးစားပေးဖော်ဆောင်နေသည့်ကာလဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍကိုသာမက သဘာဝအရင်းအမြစ်ဖြစ်သည့် ဝါး၊ ကြိမ် စသည့် သစ်တောထွက်ထုတ်ကုန်များအနက် ကမ္ဘာ့ဝယ်လိုအားကောင်းပြီး အမြင့်ဈေးရှိသည့်အပြင် ဝါး၏ဘက်စုံအသုံးပြုနိုင်မှု၊ အမြန်ဆုံးပြန်လည်ဖြည့်စွမ်းနိုင်မှု၊ အစိမ်းရောင်တိုးတက်မှုနှင့် ဂေဟစနစ်မိတ်ဖက်ဆိုင်ရာ အကျိုးကျေးဇူးများကြောင့်လည်း အလေးထားလုပ်ဆောင်သင့်သည့် လယ်ယာကုန်စည်တစ်ခုဖြစ်သည်။**

ထို့ပြင် ဝါးအသုံးပြုမှုမှာ အစဉ်အလာအသုံးပြုမှုပုံစံမှ ခေတ်သစ်အင်ဂျင်နီယာ နည်းစနစ်သစ်များကြောင့် အနာဂတ်အတွက် အလားအလာများစွာရှိသည့် လယ်ယာကုန်စည်ဖြစ်လာပါသည်။ မြန်မာနိုင်ငံအနေဖြင့် များပြားစွာတည်ရှိနေသော သဘာဝအရင်းအမြစ်များကို ပိုမိုဖော်ထုတ်အသုံးချခြင်းအားဖြင့် တန်ဖိုးရှိသည့် စီးပွားရေးကုန်စည်များ ပိုမိုထွက်ပေါ်လာမည်ဖြစ်သောကြောင့် လွန်စွာအကျိုးများမည်ဖြစ်ပါသည်။

ထို့အတွက် ဝါးအခြေပြုထုတ်ကုန်များနှင့်ပတ်သက်၍ ကမ္ဘာ့အခြေအနေများကို သုံးသပ်ဖော်ပြပြီး များပြားစွာရှိနေသည့် မြန်မာ့ဝါးကုန်ကြမ်းများမှ တန်ဖိုးမြင့်ထုတ်ကုန်များကို ပိုမိုထုတ်လုပ်လာနိုင်ရေးနှင့် ကမ္ဘာ့ဈေးကွက် ပိုမိုထိုးဖောက်နိုင်ရေးကို ဖေါင်းပေးဖော်ပြမည်ဖြစ်ပါသည်။





ဝါးဖြင့်ပြုလုပ်သည့် အဆောက်အအုံနှင့် ဝါးလက်မှုထည်များကို တွေ့ရစဉ်။

## ကမ္ဘာ့ဝါးပင်များ နိုင်ငံအလိုက် ပိုင်ဆိုင်မှုနှင့်ထုတ်လုပ်မှု

ကမ္ဘာပေါ်တွင် ဝါးတောများ၏ဧရိယာမှာ ဟက်တာ ၃၂ မှ ၃၅ သန်း ဧကအားဖြင့် ၇၉ မှ ၈၆ သန်းရှိကြောင်း ခန့်မှန်းထားပါသည်။ ဝါးပင်များကို နိုင်ငံတိုင်းနီးပါးတွင် တွေ့ရသော်လည်း သဘာဝရေမြေအခြေအနေနှင့် ရာသီဥတုအရ အာရှ-ပစိဖိတ်ဒေသကြီးသည် ဝါးပင်အများဆုံး ပေါက်ရောက်သည့်ဒေသဖြစ်ပါသည်။ အကြမ်းဖျင်းအားဖြင့် ကမ္ဘာ့ဝါးတောများ၏ ၆၀ ရာခိုင်နှုန်းကျော်ရှိသည့်အပြင် နိုင်ငံအလိုက် ပိုင်ဆိုင်မှုတွင်လည်း အိန္ဒိယနိုင်ငံက ကမ္ဘာပေါ်တွင် ဝါးတောဧရိယာဟက်တာ ၁၃ ဒသမ ၉ သန်းဖြင့် အများဆုံးဖြစ်ပြီး တရုတ်နိုင်ငံက ဟက်တာ ၆ ဒသမ ၅ မှ ၇ ဒသမ ၀ သန်းဖြင့် ဒုတိယအများဆုံးဖြစ်ပါသည်။

တတိယအများဆုံးမှာ မြန်မာနိုင်ငံဖြစ်ကာ ဧရိယာအားဖြင့် ဟက်တာ ၂ ဒသမ ၀ မှ ၃ ဒသမ ၀ သန်းခန့်ရှိနိုင်ကြောင်း FAO က ခန့်မှန်းဖော်ပြပါသည်။ စတုတ္ထအများဆုံးမှာ အင်ဒိုနီးရှားနိုင်ငံဖြစ်ပြီး ပဉ္စမအများဆုံးမှာ ဘရာဇီးနိုင်ငံဖြစ်ပါသည်။ ကျန်ဒေသကြီးများအနက် တောင်အမေရိက၊ မြောက်အမေရိက၊ ဥရောပတို့ အစဉ်လိုက်ဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကတိုက်တို့တွင် ဝါးတောများနည်းပါးကာ ဝါးအခြေပြုထုတ်ကုန်များ သုံးစွဲမှုနည်းပါးပါသည်။

ဝါးသယံဇာတ အရင်းအမြစ်ပိုင်ဆိုင်မှုတွင် အိန္ဒိယနိုင်ငံက အများဆုံးဖြစ်သော်လည်း ဝါးအခြေပြုထုတ်ကုန်များ ထုတ်လုပ်နိုင်မှုနှင့် အသုံးပြုမှုတွင်မူ တရုတ်နိုင်ငံက ကမ္ဘာပေါ်တွင် အများဆုံးဖြစ်သည်။ ဆိုလိုသည်မှာ အာရှ-ပစိဖိတ်ဒေသသည် ကမ္ဘာပေါ်တွင် ဝါးအရင်းအမြစ် အများဆုံးဖြစ်ပြီး အိန္ဒိယ၊ တရုတ်၊ မြန်မာ စသည်တို့ဖြစ်သော်လည်း ဝါးအခြေပြုထုတ်လုပ်မှုတွင်မူ တရုတ်နိုင်ငံက သိသိသာသာ လွှမ်းမိုးထားပါသည်။ ၂၀၂၅ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသကြီး၏ ဝါးထုတ်ကုန်တန်ဖိုးစုစုပေါင်း၏ ထက်ဝက်ကျော် ၅၂ ရာခိုင်နှုန်း တန်ဖိုးအားဖြင့် ဒေါ်လာ ၂၇ ဒသမ ၆၄ ဘီလီယံခန့်ရရှိနေပြီး အိန္ဒိယနိုင်ငံကမူ တန်ဖိုးအားဖြင့် ဒေါ်လာ ၁၁ ဒသမ ၆၉ ဘီလီယံခန့်သာရှိပါသည်။

## ဝါးပင်အခြေပြုထုတ်ကုန်များ

ဝါးပင်များသည် သစ်ပင်များနည်းတူ ဂေဟစနစ်မိတ်ဖက်ဖြစ်၍ အကျိုးပြုမှုများစွာ ပေးစွမ်းနိုင်ပြီး မြေပြိုမှုများ၊ သဘာဝမြေဆီလွှာထိန်းပေးခြင်း၊ ရေစီးဆင်းမှု လွယ်ကူစေခြင်း၊ ကာဗွန်ဓာတ်စုပ်ယူပေးခြင်း စသည့်အကျိုးများရရှိစေပါသည်။ ထို့အတူ ဝါးပင်စဖြစ်ခါစမှ ဝါးပင်ဖြစ်သည်အထိ ဝါးတစ်ပင်လုံးမှာ ထုတ်ကုန်အမျိုးမျိုးကို ထုတ်လုပ်ပေးပြီး စားသုံးကုန်စည်၊ အိမ်သုံးနှင့် လူသုံးကုန်စည်၊ ဆောက်လုပ်ရေးကုန်စည်၊ စက်မှုကုန်စည် စသဖြင့် အမျိုးမျိုးသောထုတ်ကုန်များ ပေးစွမ်းနိုင်သည့်အတွက် အပင်များအနက် ထုတ်ကုန်အမည်အရာ အများဆုံးပေးပါသည်။

> **မြန်မာနိုင်ငံအနေဖြင့် သဘာဝကပေးထားသည့် ပေါများသောအရင်းအမြစ်များဖြစ်သော ဝါးပင်များကို စားသုံးကုန်၊ လူသုံးကုန်၊ ဆောက်လုပ်ရေးကုန်စည်၊ စက်မှုကုန်စည် စသည်ဖြင့် ပြောင်းလဲထုတ်လုပ်နိုင်စွမ်း ပိုမိုတိုးတက်လာစေရန် လုပ်ဆောင်ရတော့မည်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း ကမ္ဘာ့ဈေးကွက်တွင် ဝါးအခြေပြုထုတ်ကုန်များ၏ ဝယ်လိုအားနှင့် ကြိုက်နှစ်သက်မှု တိုးလာမှုကြောင့် အနာဂတ်ကာလ တိုးတက်မှုအလားအလာကောင်းများစွာရှိသည့် ကုန်စည်များလည်း ဖြစ်ပါသည်။ ယခုအခါ ဝါးကုန်ကြမ်း စဉ်ဆက်မပြတ်ရရှိနိုင်ရန် စိန်ခေါ်မှုများရှိသော်လည်း ခေတ်သစ်အင်ဂျင်နီယာနည်းစနစ်များကြောင့် ဝါးအခြေပြုထုတ်ကုန်များ ယခင်ကထက် ပိုမိုများလာတော့မည်**

မျှစ်အနုများကို စားသောက်ကုန်အဖြစ်လည်းကောင်း၊ ဝါးများကို ခွဲခြမ်းစိတ်ဖြာ၍ လက်မှုနည်းပညာဖြင့် မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်းအမျိုးမျိုး၊ ဖျာ၊ တောင်း၊ ဆန်ကော၊ ဆန်ခါအမျိုးမျိုး၊ ဆောက်လုပ်ရေးပစ္စည်းအဖြစ် လည်းကောင်း၊ ဝါးတိုင်၊ ဝါးကပ်၊ ပရိဘောဂအမျိုးမျိုး၊ ဝါးကိုကြိတ်၍ ပျော့ဖတ်နှင့် စက္ကူအမျိုးမျိုး၊ အဝတ်အထည်များ စသည်ဖြင့် ဝါးအခြေပြုစက်မှုထုတ်ကုန်အဖြစ်လည်းကောင်း အထူးအသုံးဝင်ပါသည်။

အထူးသဖြင့် ကျေးလက်နေပြည်သူလူထုအများစုမှာ ဝါးဖြင့်သာ အိမ်များကိုဆောက်လုပ်လေ့ရှိသဖြင့် အရေးပါပါသည်။ ယခုနောက်ပိုင်းနည်းပညာများတိုးတက်လာမှုကြောင့် သစ်ကိုအစားထိုးနိုင်သည့်အဆင့် ရောက်ရှိလာပြီဖြစ်ပါသည်။ ထို့ပြင် သစ်ရှားပါးလာမှုနှင့် ပြန်လည်စိုက်ပျိုးရန် ဝါးထက်အချိန်ကြာမြင့်သည့်အတွက် ဝါးကိုစိုက်ပျိုးသည့် အလေ့အထ ထွန်းကားလာနေပြီဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် မူလဝါးအမျိုးပေါင်း ၁၆၀၀ မှ ၁၇၀၀ ကျော်ရှိပြီး နောက်ပိုင်းတွင် ဘက်စုံအရည်အသွေးအမြင့်ဆုံး (အရည်အသွေး၊ ခိုင်ခံ့မှု၊ အထူအပါး၊ ကြီးထွားမြန်မှု) စသည်တို့ ပေးနိုင်သည့် မျိုးသစ်များ သုတေသနများမှ ထွက်ပေါ်လာနေပြီဖြစ်ပါသည်။ စိတ်ဝင်စားဖို့ကောင်းသည့်အချက်မှာ အဆိုပါမျိုးသစ်များကို အေးသောနိုင်ငံများထက် ပူသောနိုင်ငံများတွင် ပိုမိုဖြစ်ထွန်းနိုင်သည်ဆိုသည့် အချက်ဖြစ်ပါသည်။ ထို့အတွက် လာမည့်ကာလများတွင် သစ်ကို ကောင်းစွာအစားထိုးနိုင်မည်ဟု မျှော်လင့်ကြပါသည်။ ထို့ပြင် သစ်ရှားပါးလာမှုကြောင့် ဝါးများကို လောင်စာတောင့်အဖြစ်လည်း ဥရောပနိုင်ငံများတွင် ပိုမိုသုံးလာပြီဖြစ်ပါသည်။ ဆိုလိုသည်မှာ ဝါးပင်မှ ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်နိုင်မှုကြောင့်လည်း သစ်တောထွက်ပစ္စည်းများအနက် အသုံးဝင်ဆုံးဟု သတ်မှတ်လာကြပါသည်။

## ကမ္ဘာ့ဝါးအခြေပြုထုတ်ကုန်များ၏ ဈေးကွက်အခြေအနေနှင့်ကုန်သွယ်မှု

၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ဝါးအခြေပြုထုတ်ကုန်များ၏ ဈေးကွက်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၁ ဘီလီယံရှိပြီး ၂၀၂၆ ခုနှစ်တွင် ဒေါ်လာ ၇၃ ဒသမ ၄ ဘီလီယံရှိပါသည်။ လာမည့် ၂၀၃၃ ခုနှစ်တွင် ဒေါ်လာ ၁၀၂ ဘီလီယံခန့်ရှိလာမည်ဟု ခန့်မှန်းထားပြီး နှစ်စဉ် တိုးတက်မှုနှုန်း (CAGR- Compound Annual Growth Rate - ၄.၈ %) ရှိမည်ဖြစ်၍ မြင့်သည့်တိုးတက်မှုနှုန်းဖြစ်ပါသည်။

၂၀၂၅ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသကြီး၏ ဝါးအခြေပြုထုတ်ကုန်များ၏ ဈေးကွက်တန်ဖိုးသည် ရှယ်ယာအားဖြင့် အများဆုံး ၇၈ ဒသမ ၈ ရာခိုင်နှုန်းခန့်ရှိပါသည်။ ဝါးအခြေပြုထုတ်ကုန်များသည် ကြာရှည်အသုံးပြုနိုင်ခြင်း၊ ဂေဟစနစ်မိတ်ဖက်ထုတ်ကုန်များဖြစ်ခြင်း၊ အပင်များအကြီးမြန်ခြင်း၊ စဉ်ဆက်မပြတ်ရရှိနိုင်ခြင်း စသည့်အချက်များကြောင့် အသုံးပြုသူများ၏ ကြိုက်နှစ်သက်မှုတိုးမြင့်လာမှုနှင့်အတူ ဝါးအခြေပြုထုတ်ကုန်များ ဈေးကွက်တွင်လည်း အစဉ်အလာတင်ပို့နေကျ တန်ဖိုးနိမ့်ဝါးထုတ်ကုန်များမှ စက်မှုနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ပြောင်းလဲထုတ်လုပ်လာသည့်ပုံစံသို့ ပြောင်းလဲလာနေပြီဖြစ်ပါသည်။

အမှန်တကယ်မူ မြန်မာနိုင်ငံအနေဖြင့် သဘာဝကပေးထားသည့် ပေါများသောအရင်းအမြစ်များဖြစ်သော ဝါးပင်များကို စားသုံးကုန်၊ လူသုံးကုန်၊ ဆောက်လုပ်ရေးကုန်စည်၊ စက်မှုကုန်စည် စသည်ဖြင့် ပြောင်းလဲထုတ်လုပ်နိုင်စွမ်း ပိုမိုတိုးတက်လာစေရန် လုပ်ဆောင်ရတော့မည်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း ကမ္ဘာ့ဈေးကွက်တွင် ဝါးအခြေပြုထုတ်ကုန်များ၏ ဝယ်လိုအားနှင့် ကြိုက်နှစ်သက်မှု တိုးလာမှုကြောင့် အနာဂတ်ကာလ တိုးတက်မှုအလားအလာကောင်းများစွာရှိသည့် ကုန်စည်များလည်းဖြစ်ပါသည်။ ယခုအခါ ဝါးကုန်ကြမ်း စဉ်ဆက်မပြတ်ရရှိနိုင်ရန် စိန်ခေါ်မှုများရှိသော်လည်း ခေတ်သစ်အင်ဂျင်နီယာ နည်းစနစ်များကြောင့် ဝါးအခြေပြုထုတ်ကုန်များ ယခင်ကထက် ပိုမိုများလာတော့မည်ဖြစ်ပါသည်။

မိမိတို့ လုပ်ဆောင်သင့်သည်မှာ လက်ရှိ ဝါးအခြေပြုထုတ်လုပ်နေသည့် ကုန်စည်များ၏ အရည်အသွေး၊ ဒီဇိုင်း၊ ဈေးနှုန်းများ ယှဉ်ပြိုင်နိုင်သည့် အဆင့်ရောက်ရှိအောင် ကြိုးစားလုပ်ဆောင်ရမည် ဖြစ်ပါသည်။ ပြည်တွင်းလိုအပ်ချက်ကြီးမားပြီး အဓိကအားနည်းနေသည့် ဝါးအခြေပြု စက္ကူနှင့် ပျော့ဖတ်၊ အဝတ်အထည်၊ တန်ဖိုးမြင့်သစ်အစားထိုး ကုန်စည်များဆိုင်ရာ စက်မှုလုပ်ငန်းများ ပိုမိုထွန်းကားလာရေးကိုလည်း အစိုးရ-ပုဂ္ဂလိက ပူးပေါင်းလုပ်ဆောင်သည့်ပုံစံ (PPP) ဖြင့် အကောင်အထည်ဖော်သင့်ပါသည်။

မိမိတို့နိုင်ငံ၌ ဝါးပင်နှင့်ပတ်သက်၍ ကမ္ဘာတွင် တတိယအများဆုံး ပေါကြွယ်ဝသည်ဖြစ်သော်လည်း ဝါးနှင့်ပတ်သက်၍ ထုတ်ကုန်အများစုကို ပြည်တွင်းဈေးကွက်တွင်သာ အသုံးပြုလျက်ရှိပြီး ရိုးရာအစဉ်အလာထုတ်ကုန်များသာဖြစ်၍ တန်ဖိုးအားဖြင့် များစွာမရှိသေးပါ။

အထူးသဖြင့် ထပ်ဆင့်တန်ဖိုးမြင့်သည့် စက်မှုလုပ်ငန်းဆောင်ရွက်နိုင်မှု အားနည်းနေသေးသည့်အတွက် ဝါးအခြေခံ တန်ဖိုးမြင့်ထုတ်ကုန်များကို ပြည်ပမှတင်သွင်းနေရဆဲဖြစ်ပါသည်။ မြင်သာသည့်အချက်မှာ ဝါးအခြေခံစက်မှုကုန်စည်ဖြစ်သည့် စက္ကူနှင့် ပျော့ဖတ်သွင်းကုန် ဒေါ်လာသန်း ရာဂဏန်း တင်သွင်းနေဆဲဖြစ်ပါသည်။

၂၀၂၄ ခုနှစ် စာရင်းများအရ အဆိုပါသွင်းကုန်တန်ဖိုးဒေါ်လာ သန်း ၁၈၀ ကျော်ခန့်ရှိပြီး ယခုအထိလည်း ပြည်တွင်းလိုအပ်ချက်ကို တင်သွင်းနေရဆဲဖြစ်ပါသည်။ ဆိုလိုသည်မှာ သဘာဝအရင်းအမြစ်မည်မျှပင် ကြွယ်ဝပါစေ၊ အဆိုပါအရင်းအမြစ်များအား တန်ဖိုးရှိသည့် စီးပွားရေးကုန်စည်အဖြစ်သို့ မပြောင်းလဲနိုင်လျှင် တန်ဖိုးမဲ့ကုန်စည်များသာဖြစ်နေဦးမည်ဖြစ်ပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**

## ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပ



ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၆) ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပပြီး အခြားနည်းအသုံးပြုခွင့် လျှောက်ထားသည့် အမှုတွဲငါးမှု၊ အခြားနည်းခွင့်ပြုဧရိယာအပေါ် အသုံးချဆောင်ရွက်မှုအား စိစစ်ခြင်း သုံးမှု၊ စံပြစိုက်ပျိုးရေး အထူးဇုန်ဧရိယာအား တိုင်းဒေသကြီးအစိုးရအဖွဲ့က ထိန်းသိမ်းစီမံဆောင်ရွက်မည့် လုပ်ငန်းစဉ်တစ်မှုနှင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ ဝင်ရောက်သည့် အယူခံမှုအား စိစစ်ဆုံးဖြတ်ရန် အမှုတွဲ(၁၈)မှုတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကား ပြောကြား၍ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက စီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြလာသည့် အမှုတွဲများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီး အတွင်း လယ်ယာမြေများနှင့် အခြားမြေကိစ္စရပ်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများ လေ့လာ

နေပြည်တော် ဩဂုတ် ၁၀

ကျောင်းသားလူငယ်များ မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ နိုင်ငံတော်၏သမိုင်းကြောင်းနှင့် တပ်မတော်သမိုင်းဆိုင်ရာ အမွေအနှစ်များကို လေ့လာနိုင်ရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ကျောက်ချက်)မှ ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူ ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူများက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို တာဝန်ရှိသူများထံ စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။

ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပြီး ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



နေပြည်တော် ဩဂုတ် ၁၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ် လွိုင်လင်လေးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် လွိုင်ကော်တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တာဝန်ရှိသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ ပန်းကုံးများစွပ်၍ လည်းကောင်း ဂုဏ်ပြုကြိုဆိုပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကျောင်းသား ကျောင်းသူများက အိုးစည်၊ ဗုံပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကင်း ဩဂုတ် ၁၀

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကင်းပညာရေးဒီဂရီကောလိပ်မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာငြိမ်းသီအောင်က အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကင်းပညာရေးဒီဂရီကောလိပ် သချ်ာဌာန နည်းပြ ဒေါ်ဇင်သော်မြင့်က သက်ကြီးစာတတ်မြောက်ရေးလှုပ်ရှားမှု အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အကြို စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ကဗျာပြိုင်များတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **လှလှထွေး(ပြန်/ဆက်)**



## မီးသတ်ပညာသင်တန်းနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းများဖွင့်

ကျောက်တန်း ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် သီလဝါဆိပ်ကမ်းဒေသ သွင်းကုန်/ ထုတ်ကုန်လုပ်ငန်းတို့ ပူးပေါင်း၍ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၀ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်ကျော်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ Myanmar International Terminals Thilawa (MITT)အထွေထွေမန်နေဂျာ ဦးဖြိုးဝေက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁၀ ရက်မှ ၂၂ ရက်အထိ သင်တန်းသား ၃၅ ယောက်အား မီးသတ်ပညာများကို စာတွေ့လက်တွေ့သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ထွန်း**

ပြည် ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်မြို့ ဗဟိုမီးသတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက သင်တန်းအဖွင့်မိန့်ခွန်းပြောကြားပြီး ပြည်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲနီထွန်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသားများ စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝဏ္ဏာထွန်း(ပြန်/ဆက်)**

ဖြူး ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံ မီးသတ်ပညာသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၀ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနတွင် ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်အောင်က အမှာစကားပြောကြားပြီး သင်တန်းအား ဩဂုတ် ၁၀ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်ကာ ဖြူးမြို့နယ်အတွင်းရှိ အရက်ချက်စက်ရုံ၊ သကြားစက်ရုံနှင့် ဈေးများမှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းသင်တန်းသား ၉၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ မဖွင့်လှစ်နိုင်သည့် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား ဩဂုတ် ၁၀**

ကချင်ပြည်နယ်အတွင်း ခရိုင်ခြောက်ခရိုင်၊ မြို့နယ် ၁၈ မြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၁၅၇၉ ကျောင်းရှိသည့်အနက် ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်တွင် ၈၇၂ ကျောင်း ဖွင့်လှစ်ထားနိုင်ခဲ့ပြီး ၇၀၇ ကျောင်းမှာ နယ်မြေအခြေအနေအရ ဖွင့်လှစ်နိုင်ခြင်းမရှိသည့်အတွက် မဖွင့်လှစ်နိုင်သည့် ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး တပ်မတော်၊ ဌာနဆိုင်ရာများ၊ ရပ်/ရွာတာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများအားလုံးက ချိတ်ဆက်ပေါင်းစပ်ပြီး လုံခြုံရေးအစီအမံများ ချမှတ်ကာ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ယနေ့နံနက်ပိုင်းကကျင်းပသည့် နယ်မြေလုံခြုံရေး အခြေအနေအရ မဖွင့်လှစ်နိုင်သည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၏ ပြောကြားချက်အရ သိရှိရသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့ပြင် ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့် ကျောင်းများအနေဖြင့် ၄၄ ရာခိုင်နှုန်းခန့် ရှိနေသည်ကို တွေ့ရှိရသည့်အတွက် ရပ်/ရွာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၏ ဒေသအလိုက် လိုအပ်ချက်၊ အခက်အခဲများကို ညှိနှိုင်းပေါင်းစပ်ပြီး ဖွင့်လှစ်နိုင်ရေး တပ်မတော်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးက ပါဝင်ဆွေးနွေးခဲ့ပြီး ပြည်နယ်ပညာရေးမှူးက ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွင်း ဖွင့်လှစ်လျက်ရှိသည့် အခြေခံပညာကျောင်းများစာရင်းနှင့် မဖွင့်နိုင်သေးသည့် အခြေခံပညာကျောင်းများ၏ နယ်မြေအခြေအနေ၊ ကချင်ပြည်နယ်ရဲတပ်ဖွဲ့ ရဲမှူးကြီး မျိုးဆွေက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ တက်ရောက်လာကြသည့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်/ မြို့နယ်များအလိုက် ဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့် ကျောင်းများအခြေအနေကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်သုံးသပ်ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆမားခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း ဖွင့်ပွဲကိုတက်ရောက်ပြီး မွန်းလွဲပိုင်းတွင် အဆိုပါအစည်းအဝေးခန်းမ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ၂၀၁၆-၂၀၁၇ ပညာသင်နှစ်
## ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ
## (၁၀-၈-၂၀၁၆) ရက်နေ့မှ (၁၄-၈-၂၀၁၆) ရက်နေ့ထိ

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း၊
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။

# ချင်းပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများ အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

ချင်းပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းအတွင်းရှိရုံး၊ ဝန်ထမ်းအိမ်ရာ၊ သင်တန်းသားအိပ်ဆောင်၊ စားရိပ်သာများနှင့် လမ်းမများကို ခေတ်မီစက်ယန္တရားများ အသုံးပြု၍ အမြန်ဆုံးပြန်လည် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ပြည်နယ်ဝန်ကြီးများ၊ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မြန်မာ့စီးပွားရေးဘဏ် ပြုပြင်ဆောင်ရွက်နေမှု၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဆောက်လုပ်ရေး ရိပ်သာ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနေအိမ် ပြန်လည်ပြုပြင်တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေးနှင့် ပြုပြင်တည်ဆောက်မှုများတွင် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရေးကို အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့အတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များသည် တီးတိန်မြို့နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မြို့နယ်သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနပိုင် အဆောက်အအုံများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက မြို့နယ်ဥပဒေရုံးနှင့် မြို့နယ်လျှပ်စစ်ရုံး ပြင်ဆင်ဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၁၀**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၁၅)ကို သင်တန်းသား ၄၈ ဦး၊ သင်တန်းသူ ၄၂၄ ဦး စုစုပေါင်း ၄၇၂ ဦးဖြင့် ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ဖွင့်လှစ်သည်။



ဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ(ကိုယ်စား)အဖွဲ့ဝင် ဦးစိုးတင့်က "နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေး တိုးတက်စေရန် နိုင်ငံတော်က အလေးထားအားပေး ဆောင်ရွက်လျက်ရှိရာ ဆရာ ဆရာမများသည် ဘာသာရပ် သင်ကြားရုံသာမက လူငယ်များကို ဘက်စုံထူးချွန်ပြီး ပြည်ထောင်စု စိတ်ဓာတ်နှင့် နိုင်ငံချစ်စိတ်ရှိသူ၊ စည်းကမ်းကို တန်ဖိုးထား လေးစားလိုက်နာပြီး ကြောင်းကျိုးဆက်စပ် စဉ်းစားတွေးခေါ်နိုင်စွမ်းရှိသူ၊ ကိုယ်ချင်းစာစိတ်ရှိသောသူများ ဖြစ်စေရေး ပျိုးထောင် ပေးကြရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

သင်တန်းကို ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ ရက်သတ္တ ငါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲအပြီးတွင် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရန် ပြင်ဆင်ထားရှိမှု၊ စိုက်ပျိုးထားသော ရာသီ သီးနှံစိုက်ခင်း၊ မှိုစိုက်ခင်းနှင့် မွေးမြူရေးခြံများ၊ သင်တန်း ပို့ချနေမှုများနှင့် သင်တန်း အိပ်ဆောင်များ၊ စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လေ့ကျင့်သင်ကြားရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပခုက္ကူမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ပခုက္ကူ ဩဂုတ် ၁၀

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဖလား မိုးရာသီဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က



ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်အေးက မိုးရာသီဘောလုံးအားကစားပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၉ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဘောလုံးအားကစားပြိုင်ပွဲဝင် အသင်း ၁၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲမှတစ်ဆင့် မြို့နယ်ကိုယ်စားပြုအားကစားကောင်းများ ဆက်လက်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

❖ ၂၀၂၆ ခုနှစ်မှ

အလားတူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက အားကစားရေးရာဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့် လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ထိုသို့ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား) ကွာတားဖိုင်နယ်ပွဲစဉ်များ အကြိတ်အနယ်ယှဉ်ပြိုင်နေမှုကို ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ အားကစားဝါသနာရှင်ပရိသတ်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဩဂုတ် ၁၂ ရက်တွင် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ (အမျိုးသား) ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အားကစားဝါသနာရှင်များ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ မြန်မာအမျိုးသမီးလိဂ်

အား/ကာသိပ္ပံအသင်းသည် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သလို ဒုတိယနေရာမှ ရောဝတီအသင်းထက် သုံးမှတ်အသာရထားသလို ဂိုးကွာခြားချက်တွင်လည်း များစွာအသာရခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၁၆၊ ၇၂၊ ၇၄ မိနစ်တွင် မိုးမိုးသန်း၊ ၂၀ မိနစ်တွင် ဟေမာနိစိုး၊ ၂၅၊ ၃၈၊ ၄၇ မိနစ်တွင် လင်းမြင့်မိုရ်၊ ၃၂၊ ၈၈ မိနစ်တွင် ခင်မာလာထွန်း၊ ၅၄ မိနစ်တွင် အေးနန္ဒာဝင်းတို့က သွင်းယူသည်။ ယခုပွဲအတွက် AYA Pay player of the Match ဆုကို အား/ကာ သိပ္ပံအသင်းခေါင်းဆောင် ခင်မာလာထွန်းက ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ရတနာပုံအသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MWL**

✪ ကျောဖုံးမှ

ထိုသို့ရိုက်ကူးရာတွင် ပုဂံဒေသ၏ သာယာလှပသောရှုခင်းများကို နောက်ခံထားကာ မြန်မာ့ကျေးလက်တောင်သူများ၏ စပါးရိတ်သိမ်းခြွေလှေ့ပုံ၊ နွားများဖြင့် ကောက်ရိုးသယ်ယူသည့်ပြကွက်များ၊ အရှေ့အိုးထိန်းကုန်းမှ နေထွက်ချိန်ရှုခင်းနှင့် ဖိုးမောက်ကြီးတောင်ကုန်းမှ နေဝင်ချိန် ပုဂံရှေးဟောင်းဘုရားများ၊ ဧရာဝတီမြစ်နှင့် တန့်ကြည့်တောင်တန်းတို့၏ သဘာဝအလှအပများကို စနစ်တကျမှတ်တမ်းတင်ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

ဓာတ်ပုံပညာရှင်များသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာ အခွန်အခများပေးဆောင်၍ ရိုက်ကူးခြင်းဖြစ်ပြီး စူဠာမဏိဘုရားပတ်ဝန်းကျင်အပြင် မြင်းကပါ၊ ပြာသာဒ်ကြီး၊ မင်းနန်သူနှင့် အနောက်ဖွားစောကျေးရွာတို့တွင်လည်း ဆက်လက်ရိုက်ကူးသွားမည်ဖြစ်သည်။ ယခုကဲ့သို့ နိုင်ငံတကာဓာတ်ပုံပညာရှင်များ လာရောက်ရိုက်ကူးမှုကြောင့် ပုဂံဒေသရှိ ဒေသခံနွားလှည်း၊ မီနီအိုးဝေနှင့် အငှားယာဉ်မောင်းသူများ၊ ဟိုတယ်နှင့် တည်းခိုခန်းများအပါအဝင် ရိုက်ကွင်းဖန်တီးပေးသူများအတွက် လုပ်ငန်းဝင်ငွေများရရှိကာ ဒေသတွင်းခရီးသွားလုပ်ငန်းနှင့် လူမှုစီးပွားဘဝကို အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။ **TWA**

**ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးလျှောက်ထားခြင်း**

ယာဉ်အမှတ်(8A/6975)၊ အမျိုးအမည်-Toyata Toyoace Bu 93၊ အမျိုးအစား-Truck (4x2)R ယာဉ်လက်ဝယ်ရှိသူအမည် ဦးဝေဖြိုးအောင် မှတ်ပုံတင်အမှတ် [၅/ဆလတ(နိုင်)၀၈၀၅၀၈]မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မုံရွာမြို့**

# မြဝတီမြို့၌ ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

မြဝတီ ဩဂုတ် ၁၀

ကရင်ပြည်နယ် မြဝတီမြို့ အခြေခံပညာအထက်တန်း(ခွဲ)ရေပူကျောင်း၌ ယမန်နေ့မွန်းလွဲပိုင်းတွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဖူဆယ်မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်၊ အခြေခံပညာအထက်တန်း(ခွဲ)ရေပူကျောင်း၏ ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေရတနာဝင်း၊ အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဘင်ခရာမောင်မယ်တပ်ဖွဲ့များက ကွင်းအတွင်းနေရာယူပြီး တာဝန်ရှိသူများက ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဖူဆယ်မိုးရာသီဘောလုံးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် အသင်းအလိုက် ကိုယ်စားပြုအားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုခဲ့ကြကာ ကျောင်းကောင်စီဥက္ကဋ္ဌ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေရတနာဝင်းက ပြိုင်ပွဲဝင်အားကစားသမားများအား အမှာစကားပြောကြားသည်။



ဆက်လက်ပြီး အခြေခံပညာအထက်တန်း(ခွဲ)ရေပူကျောင်းမှ ဘင်ခရာမောင်မယ်တပ်ဖွဲ့များ၊ Fitness dence အဖွဲ့များက သရုပ်ပြဖျော်ဖြေတင်ဆက်ခဲ့ကြကာ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်က ဘောလုံးပြိုင်ပွဲစတင်ရန် အဖွင့်ဘောလုံးအားကန်သွင်းပြီး ကျန်စစ်သားအသင်းနှင့် ဗန္ဓုလအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

**ပတ်စ်ပို့ပျောက်**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ မြေနီခင်(တောင်)ရပ်ကွက်၊ မြေနီခင်လမ်းနေ ဦးစန်းမောင်၏သမီး မဇင်ပွင့်ဖြူ [၈/ရနခ(နိုင်)၁၀၄၄၃၉]၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**၀၉- ၄၀၁၆၆၄၀၅၈**

**ပျောက်ဆုံးကြောင်း**

စစ်ကိုင်းတိုင်း ဒေသကြီး၊ စစ်ကိုင်းမြို့၊ စာရေးအရှေ့ရွာနေ ဦးသင်းဦး၏ သမီး ဒေါ်သင်းတူးတူးအေး [၅/စကန(နိုင်) ၂၄၈၂၆၄]၏ နိုင်ငံကူးလက်မှတ် (MB-721613)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-949102701**

**အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူးတာဝန်ထမ်းဆောင်နေသော ဆရာကြီး ဦးနန်ဟဲ့တွောင်နှင့် တာန်နန်ဟဲ့တွောင်မှာ တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၅-၁၀-၁၉၆၆ ဖြစ်ပါကြောင်း။

**အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**

တောင်ငူအဝေးသင်တက္ကသိုလ်၊ တတိယနှစ် (ရုက္ခဗေဒ)မှ မစိုးနမ်(ခ)စူးစူးမား၏ အမည်မှန်မှာ မစိုးနမ်(ခ)မစူးစူးမား [၇/ဖမန(ပြု) ၀၁၄၃၁၆] ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၆-၄-၂၀၀၃ ဖြစ်ပါကြောင်း။ **မစိုးနမ်(ခ)မစူးစူးမား**

**မိဘအမည်မှန်**

ရန်ကုန်တိုင်း ဒေသကြီး၊ ခရမ်းမြို့၊ အ.ထ.က(၂)၊ မြို့မ Grade-5 မှ မောင်ဖိုးချမ်းသာ၏ မိဘအမည်မှန်မှာ ဦးကိုကိုမောင် [၁၂/ခရန (နိုင်)၀၈၀၈၃၃]နှင့်ဒေါ်ခိုင်စပယ် [၁၂/ခရန(နိုင်)၁၂၉၃၈၂] ဖြစ်ပါကြောင်း။ **ဦးကိုကိုမောင် [၁၂/ခရန(နိုင်)၀၈၀၈၃၃]**

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ Top ကိုယ်ပိုင်အထက်တန်းကျောင်း Grade-7 မှ မောင်ကောင်းဆက်သော်၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ဗိုလ်ဝင်း [၇/ကဝန(နိုင်)၂၅၅၅၈၃]ဖြစ်ပါကြောင်း။

**ဦးဗိုလ်ဗိုလ်ဝင်း [၇/ကဝန(နိုင်)၂၅၅၅၈၃]**

**အမည်ပြောင်း**

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ ဦးဇော်ထွေးအောင် [၁၂/သကတ(နိုင်)၁၃၃၉၆၅]၏ သမီးဖြစ်သူ မဆုမွန်ဇော်အား နန်းဆုမွန်ကလျာဟု ပြောင်းလဲခေါ်ဆိုပါရန်။

# (၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲအသင်းလိုက်ပွဲစဉ် အုပ်စုနောက်ဆုံးပွဲတွင် မြန်မာအသင်းနိုင်ပွဲရရှိ

ရန်ကုန် ဩဂုတ် ၁၀

(၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ၏ သုံးယောက်တွဲအသင်းလိုက်ပွဲစဉ် အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာပိုက်ကျော်ခြင်းအသင်း နိုင်ပွဲရရှိခဲ့သည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် တရုတ်(တိုင်ပေ)အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ၃-၀ ပွဲဖြင့် အနိုင်ရရှိသည်။ မြန်မာအသင်းသည် ပထမပွဲစဉ်၏ ပထမပွဲငယ်တွင် ၁၅-၇ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅-၉ မှတ်၊ ဒုတိယပွဲစဉ်၏ ပထမပွဲငယ်တွင် ၁၅-၅ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅-၆ မှတ်၊ တတိယပွဲစဉ်၏ ပထမပွဲငယ်တွင် ၁၅-၄ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅-၈ မှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအပြီးတွင် နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ခြင်းမရှိဘဲ အုပ်စုအဆင့်ဖြင့် ကျနေပ်ခဲ့ရသည်။ မြန်မာအသင်းသည် ဆော်ဒီအာရေးဗျနှင့် တရုတ်(တိုင်ပေ)အသင်းကို အနိုင်ရသော်လည်း တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားအသင်းကို ရှုံးနိမ့်ခဲ့သည်။

### ဝင်ရောက်ယှဉ်ပြိုင်

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယခုကျင်းပလျက်ရှိသည့် (၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကွင်းသွင်းခြင်းခတ် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ လေးယောက်တွဲ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ နှစ်ယောက်တွဲ အမျိုးသမီးပြိုင်ပွဲ၊ သုံးယောက်တွဲ အသင်းလိုက် အမျိုးသားပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်သုံးခု ရရှိခဲ့ကြောင်း သိရသည်။

**ရှိုင်းထက်ဇော်**

❍ MNL ယူ-၂၀ မှ

ပွဲစဉ်(၁၂)အပြီးတွင် အား/ကာသိပ္ပံအသင်းက ၂၉ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၂၇ မှတ်၊ ဒဂုံစတားယူနိုက်တက် အသင်းက ၂၅ မှတ်၊ သစ္စာအားမာန်အသင်းက ၂၄ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၂၂ မှတ်၊ Falcon အသင်းက ၁၉ မှတ်၊ ရတနာပုံအသင်းက ၁၈ မှတ်၊ Galaxy အသင်းက ၁၆ မှတ်၊ ရန်ကုန်စီးတီးအသင်းက ၁၅ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၄ မှတ်၊ ရောဝတီယူနိုက်တက် အသင်းက ၁၃ မှတ်၊ စစ်ကိုင်းယူနိုက်တက် အသင်းက ၁၁ မှတ်၊ မြဝတီအသင်းက ခြောက်မှတ်၊ Chinland အသင်းက တစ်မှတ် ရရှိထားသည်။

**သတင်း – ညီမြတ်သော်တာ**
**ဓာတ်ပုံ – MNL**

■

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ်(ဆ-၃)၊ ဦးပိုင်အမှတ်(၁)၊ ၁၀၇ လမ်းနှင့် ၇၀ လမ်းထောင့်ရှိ ဦးစိုးမြင့်အမည်ပေါက် ဂရန်မြေကွက်အား ပေးကမ်းခြင်းစာချုပ်အမှတ်(၃၅၇/၂၀၁၀)ဖြင့် ပေးကမ်းခြင်းကို လက်ခံခဲ့သူ ဒေါ်ကာလီမြင့် [၉/မရမ(နိုင်)၀၈၆၃၆၇]က အမှုတွဲအမှတ်(၁၆၇၄/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိမည့် အမျိုးသားအဆင့်ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှုအဆင့်(၁) သင်တန်းသားများခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA)တို့ပူးပေါင်း၍ အမျိုးသားအဆင့်ရော်ဘာ အစေးခြစ်လုပ်သားကျွမ်းကျင်မှုအဆင့်(၁)သင်တန်းအမှတ်စဉ် (၂/၂၀၂၆) အား ၂၄-၈-၂၀၂၆ ရက်မှ ၇-၉-၂၀၂၆ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းပို့ချရာတွင် NSSA မှ သတ်မှတ်ပြဌာန်းထားသည့် "စံ" သတ်မှတ်ချက်များနှင့်အညီ ရော်ဘာအစေးခြစ်ခြင်းနည်းစနစ်များကို စာတွေ့၊ လက်တွေ့သင်ကြားပေး၍ စစ်ဆေးအကဲဖြတ်ပြီး ဖြေဆိုအောင်မြင်သော သင်တန်းသားများအား အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ် ချီးမြှင့်မည်ဖြစ်ပါသည်။

၃။ သင်တန်းသားများအတွက် သင်တန်းဆောင်တွင် အခမဲ့နေထိုင်ခွင့်၊ သင်တန်းသားဝတ်စုံနှင့် သင်ထောက်ကူပစ္စည်းများအား အခမဲ့ပံ့ပိုးပေးကာ ကျွမ်းကျင်သင်တန်းနည်းပြများမှ အခမဲ့သင်ကြားမည်ဖြစ်ပါသည်။ သင်တန်းသားတစ်ဦးအတွက် တစ်ရက်လျှင် စားစရိတ်ကျပ် ၈၀၀၀/- နှုန်းဖြင့် သင်တန်းကာလ(၁၅)ရက်အတွက် ကျပ် ၁၂၀၀၀၀/- ကို သင်တန်းသားများမှ စရိတ်မျှခံပေးရမည်ဖြစ်ပါသည်။

၄။ သင်တန်းသား(၃၀)ဦး လက်ခံသင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသူများအနေဖြင့် မွန်ပြည်နယ်၊ မုဒုံမြို့နယ်ရှိ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန၊ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံ) ဖုန်း ၀၉-၄၀၂၀၂၂၀၀၂၊ ၀၉-၄၅၈၂၂၃၀၄၀ သို့ ၁၄-၈-၂၀၂၆ ရက်မှစ၍ ဆက်သွယ်စာရင်းပေးဆောင်ရွက်နိုင်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၃)၊ လူနေရပ်ကွက်အမှတ်-(၉)၊ ခိုင်ရွှေဝါပန်းခြံလမ်း၊ အမှတ်-(၂၃/က)၊ အကျယ်ပေ-(၂၀x၆၀)ရှိ ဦးသာဒွေး အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသည့် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရေမီးအစုံပါ (၁)ထပ်နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာရှိ အိမ်မြေအား အဆင့်ဆင့်အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်နွဲ့နွဲ့ဝင်း [၁၂/မဂတ(နိုင်)၀၅၈၄၀၅] ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘိုနိုင် [၁၄/ဘကလ(နိုင်)၂၁၃၀၄၆]ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၇) ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဦးဘိုနိုင်** — **[၁၄/ဘကလ(နိုင်)၂၁၃၀၄၆]**

**လွှဲအပ်ညွှန်ကြားချက်အရ** — **ဒေါ်အေးသန္တာစိုး( LL.B )** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၀)**

**အမှတ်-၃၇၄(ခ)၊ ကနောင်ပန်းခြံလမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၀၂၀၄၆၅၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- 22-X²၊ မြေအတန်းအစား - ပဉ္စမတန်းစား၊ မြေကွက်အမှတ်- ၁၉၃၊ အကျယ်အဝန်း (၂၅' x ၅၀')၊ ဧရိယာ (၀.၀၂၈)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၅၉၂)၊ ကမ်းနားလမ်း နှင့် ကိုင်းတန်းလမ်းထောင့်၊ (၃) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ခင်လှ [၁၂/လမတ(နိုင်)၀၂၅၄၇၁] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၄၄၆၆၇**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂၂၃) (ကမာရွတ်)၊ ၂၆၊ ၂၈(သမိုင်း)၊ မြေကွက်အမှတ်-၁၀၃/၃၊ ပါရမီလမ်းပေါ်တွင် တည်ရှိသော Parami Valley Residence စီမံကိန်း၏ (C4)၊ အခန်း(၈) ခန်းတွဲ (၁၂)ထပ်တိုက် အဆောက်အဦ၏ (၁)ထပ်တွင် တည်ရှိသည့် အခန်းအမှတ်(C4-101)၊ အကျယ်အဝန်း(၁၂၁၆)စတုရန်းပေရှိသည့် ကွန်ဒိုတိုက်ခန်း(၁)ခန်း (ကားပါကင်အပါအဝင်) ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အားလုံးတို့ကို လက်ဝယ်ထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇေယျာလှိုင် [၁၂/ပဘတ(နိုင်)၀၀၃၃၀၆]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးကျော်စိုးမိုး [၁၃/ကတန(နိုင်)၀၉၂၉၀၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စိုးမိုး [၁၃/ကတန(နိုင်)၀၉၂၉၀၇] ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်စိုး (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၂၀)**
**အမှတ်(၆၆)၊ အောင်မင်္ဂလာ(၂)လမ်း၊ အောင်ဆန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၀၉၂၆၆၉၄၊ ၀၉-၇၇၅၀၆၁၀၁၅**

## ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁၃) (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) တင်ဒါအမှတ်စဉ် ( ၂/၂၀၂၆ )(ကရင်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁၃)မှ တာဝန်ယူဆောင်ရွက်မည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ဖြင့် ဆောင်ရွက်မည့် ဂျိုင်း(ကော့ကရိတ်) တံတားသစ်တွင်တံတားအသုံးပြုခကောက်ခံရန် ကော့ကရိတ်ဘက်ခြမ်း၌ Toll Plaza တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သည့် အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က)တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်နှင့်အချိန် - ၁၁ - ၈-၂၀၂၆ နံနက် (၉:၃၀) မှ (၁၆:၃၀) အတွင်း

(ခ) တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အဆောက်အဦအထူးအဖွဲ့(၁၃)၊ မွန်ပြည်နယ်(မော်လမြိုင်)နှင့် အဆောက်အဦဦးစီးဌာန၊ ကရင်ပြည်နယ်(ဘားအံမြို့)

(ဂ) တင်ဒါလျှောက်လွှာ (နောက်ဆုံး)တင်သွင်းရမည့်ရက်နှင့်အချိန် - ၂၄ - ၈ - ၂၀၂၆ ညနေ (၄:၃၀)

(ဃ)တင်ဒါဖွင့်လှစ်မည့်နေရာ -ကရင်ပြည်နယ်တရားလွှတ်တော် လုပ်ငန်းခွင်ရှင်းလင်းဆောင် (မြန်မာ့စီးပွားရေးဘဏ်ရှေ့)

၂။ တင်ဒါဖွင့်လှစ်မည့်ရက်အား ဆက်သွယ်အကြောင်းကြားပေးမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက (၁၁ - ၈ -၂၀၂၆) ရက်မှစတင်၍ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း (၀၉-၄၂၀၇၀၈၀၉၇/၀၉-၄၀၁၆၆၅၈၄၉) သို့ဖြစ်စေ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၆၅) B၊ Kabaraye Executive Residence (KER) အဆောက်အဦ၏ ကွန်ဒိုတိုက်ခန်း (15-B)၊ (15 လွှာ)၊ အခန်းအမှတ် (B)၊ အကျယ်အဝန်း (GFA-1272sqft)ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ Living Square Construction Co.,Ltd (ကုမ္ပဏီကိုယ်စားမန်နေးဂျင်းဒါရိုက်တာ ဒေါ်အေးအေးသွယ်) ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာလွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၄၄၆၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်မ ဒေါ်ပြည့်မှူးနိုင်[၁၂/ဒဂရ(နိုင်)၀၅၁၆၂၅]ထံသို့ ၂၀၂၆ ခုနှစ်၊ (၃)လပိုင်းမှစ၍ အကောင့်အတုများ၊ ဖုန်းနံပါတ်အစိမ်းများကို အသုံးပြုကာ အသရေဖျက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မမှန်မကန်ပြောဆိုဆောင်ရွက်ခြင်းများကို ဆက်တိုက်ပြုလုပ်ခံခဲ့ရပါသည်။

ထိုသို့ပြုလုပ်သည်ကို ဒေါ်ယုယုနိုင်နှင့် ပတ်သက်နေသည်ဟု နားလည်သဘောပေါက်မှု လွဲမှားခဲ့သောကြောင့် ဒေါ်ယုယုနိုင် အပေါ်၌ အပြုအမူ၊ အပြောအဆိုများ မှားယွင်းမှုများရှိခဲ့ပါက တောင်းပန်အပ်ပါသည်။ ယခုကြေညာချက်ပါရှိသည့်နေ့မှစ၍ ကျွန်မက ဒေါ်ယုယုနိုင် အပေါ်၌ ဆက်သွယ်ရေးကွန်ရက်နှင့်သော်လည်းကောင်း၊ ဆိုရှယ်မီဒီယာကို အသုံးပြု၍သော်လည်းကောင်း၊ မည်သို့သော အကြောင်းပြချက်နှင့်မျှ မှားယွင်းပြောဆိုမှုများ မပြုလုပ်တော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ပြည့်မှူးနိုင်**
**[၁၂/ဒဂရ (နိုင်)၀၅၁၆၂၅]**

## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ စာဂ (၁၅)လမ်း၊ အမှတ် (၈၂) (၂)ခန်းတွဲ၊ ၆ထပ်တိုက် အဆောက်အအုံ၏ တတိယထပ် (၄)လွှာ၊ အခန်းအမှတ်(အေ)၊ လမ်းဘက်အခြမ်းရှိထောင့်ခန်း၊ အကျယ်အဝန်း (၁၇ x ၅၄)ပေ၊ (၉၈၁) စတုရန်းပေအကျယ်ရှိ ခေတ်လေ့ကားပါ (ကြိုပွိုင့်) တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

အထက်ပါ မီနီကွန်ဒိုတိုက်ခန်းကို ကိုယ်တိုင်ဆောက်လုပ် ပိုင်ဆိုင်သူ မြေပိုင်ရှင် ဒေါ်ချိုနွဲ့ [၉/မခန(နိုင်)၁၁၉၇၀၆] ကိုင်ဆောင်သူက တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိုက်ခန်း ပိုင်ဆိုင်ကြောင်း၊ သက်ဆိုင်ကြောင်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းထွန်းအောင် [၁၂/ဗဟန (နိုင်) ၀၀၃၂၇၃]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်အောင် (LL.B,B.B.S)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၂၇/၂၇-၁-၂၀၁၅)**
**အခန်းအမှတ်(၇၀၅)၊ ဘုရင့်နောင်တာဝါ(2A)၊ လှည်းတန်းလမ်းနှင့် ဘုရင့်နောင်လမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-421018989, 09-789355665**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ (၈)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ် (၃၉/ခ)၊ အကျယ်အဝန်း (၂၀'x၆၀')ရှိ မြေချပါမစ် မြေကွက်မှာ ဒေါ်ခင်မာဝင်း (PZDG - ၀၀၀၇၃၂) အမည်ဖြင့် မှတ်သားထားပြီး၊ မြေအမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အိမွန်ကျော် [၁၂/ရပသ (နိုင်)၁၀၂၉၀၁]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးယဉ်ထွေး [၁၀/မလမ (နိုင်)၃၂၃၀၉၂] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သန္တာဝင်း** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၆၆)**

**ဒေါ်ရီရီလွင်** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၀၁၈)**

**အမှတ် (၁၃)၊ သဇင်လမ်း၊ တာကြီးရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉- ၇၈၁၇၇၇၅၂၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ ရှုခင်းသာအဆင့်မြင့်အိမ်ရာစီမံကိန်းအဆင့်(ရ)၊ ခရေလမ်း၊ တိုက်အမှတ်(B-11)၊ အခန်းအမှတ်(၀၀၄)၊ မြေညီထပ်၊ အကျယ်အဝန်း (၂၀ပေX၃၅ပေ)ခန့်ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အားလုံးတို့ကိုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုသူဦးရဲလွင်(၁၂/သကတ(နိုင်)၀၃၃၆၁၉)ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ကျော်ထွန်း LL.B.,L.L.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၃)**
**တိုက်အမှတ်(၁၅၇/၁၆၉)၊ အခန်းအမှတ်-B-2ပထမထပ်၊ ၃၆လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း၀၉-၄၀၈၁၈၅၅၉၉။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ ဆဒ္ဒံဒူးဝါးလမ်း၊ မြေကွက်အမှတ်(၉၁၈)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးကျော်ဌေး[၅/ယမပ(နိုင်)၁၂၈၇၈၂]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက် ကိုယ်တိုင်ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အိသန္တာဘို [၁၂/ဒဂန(နိုင်)၀၂၃၀၄၃]ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၆၆၂)** | **(စဉ်-၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၃၁၁၄၆၅၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ ဗိုလ်မှူးဗထူးလမ်း၊ မြေကွက်အမှတ်(၃၉၉)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ပေရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးကျော်လာ[၁၃/တယန(နိုင်) ၀၂၁၁၅၄] အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ယခုရောင်းချသူ ဦးသိန်းနိုင်ထွန်း [၁၂/ဒဂရ(နိုင်)၀၃၄၂၆၆] သည် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူဆဲဖြစ်ပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အိသန္တာဘို [၁၂/ဒဂန(နိုင်)၀၂၃၀၄၃]နှင့် ဒေါ်သော်တာအောင်[၁၂/ဥကမ(နိုင်)၁၈၄၇၀၁]ထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၆၆၂)** | **(စဉ်-၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၃၁၁၄၆၅၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြသီရိလမ်း၊ မြေကွက်အမှတ်(၁၄၅)၊ မြေအကျယ်အဝန်း ( $\frac{၄၁+၄၆}{၂}$ ပေx၆၀ပေ)ရှိ တရားဝင်မခွဲစိတ်ရသေးသော(၂၀ပေx၆၀ပေ)ရှိ မြေကွက်အမှတ်(၁၄၆)နှင့် ကပ်လျက်အခြမ်း(ခေါင်းရင်းခြမ်း)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်မြမွန်(AE-၀၃၁၈၄၅) [၁၂/လမတ(နိုင်)၀၁၂၅၅၆] အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက် ကိုယ်တိုင် ပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသိန်းနိုင်ထွန်း [၁၂/ဒဂရ(နိုင်)၀၃၄၂၆၆]ထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသိန်းနိုင်ထွန်းက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းဌေး(ခ)ဒေါ်သန်းသန်းဌေး (LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၆၆၂)** | **(စဉ်-၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၃၁၁၄၆၅၄**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ထိုင်းနှင့် မလေးရှားနိုင်ငံသား ဓာတ်ပုံပညာရှင်များလာရောက်၍ သဘာဝအလှနှင့် ဒေသဓလေ့များကို မှတ်တမ်းတင်ရိုက်ကူး



ရန်ကုန် ဩဂုတ် ၁၀

မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသွား ဓာတ်ပုံပညာရှင် ၁၂ ဦး ရောက်ရှိလာပြီး ဒေသတွင်း သဘာဝ အလှအပများနှင့် ကျေးလက် ဓလေ့စရိုက်များကို မှတ်တမ်းတင် ရိုက်ကူးလျက်ရှိသည်။

အဆိုပါ ဓာတ်ပုံပညာရှင်အဖွဲ့သည် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းမှ စတင်၍ စူဠာမဏိဘုရား တောင်ဘက်ရှိ ဖိုးမောက်ကြီး တောင်ကုန်းပတ်ဝန်းကျင်၌ စတင် ရိုက်ကူးခဲ့ကြခြင်းဖြစ်သည်။

စာမျက်နှာ ၁၉ ကော်လံ ၃ သို့ ✪

**ယနေ့ ဖတ်စရာ**


နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်
စာမျက်နှာ » ၁၂

လဲချားမြို့နယ် ဆီးဆောကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃၄ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ
စာမျက်နှာ » ၁၄

ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ မဖွင့်လှစ်နိုင်သည့် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေး
စာမျက်နှာ » ၁၇


## MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲရ

ရန်ကုန် ဩဂုတ် ၁၀

MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂) နောက်ဆုံးနေ့ကို ဩဂုတ် ၁၀ ရက်က ဆက်လက်ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်တို့ နိုင်ပွဲရရှိသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသည်။

နှစ်သင်းစလုံး အပြန်အလှန်သွင်းဂိုးများဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး နှစ်သင်းပေါင်း သွင်းဂိုး ကိုးဂိုးအထိရှိခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၈၊ ၂၃၊ ၃၀၊ ၆၇ မိနစ်တွင် မင်းမင်းခန့်၊ ၄၈ မိနစ်တွင် ညီနိုင်တို့က သွင်းယူပြီး စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၄၁၊ ၆၉၊ ၉၀+၂ မိနစ်တွင် ပိုင်သက်ဦး၊ ၆၁ မိနစ်တွင် ကျော်ဝင်းစိုးတို့က သွင်းယူသည်။

ဗဟန်းမြက်ခင်းတုကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက Galaxy အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ရှမ်းယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၅၄ မိနစ်တွင် ကောင်းခန့်ဟိန်းက သွင်းယူသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❍



ဒဂုံစတားယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ



နေပြည်တော် ဩဂုတ် ၁၀

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ" ကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပလျက်ရှိရာ ယနေ့တွင် ဖူဆယ်(အမျိုးသား) ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် ယှဉ်ပြိုင်အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၉ ကော်လံ ၅ သို့ ❖

## မြန်မာအမျိုးသမီးလိဂ် ပထမအကျော့ပြီးဆုံးပြီး အား/ကာသိပ္ပံအသင်း ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်က ကြီးမှူး၍ Max Energy ၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးပွဲဖြစ်သည့် ပွဲစဉ်(၉) နောက်ဆုံးနေ့ကို ဩဂုတ် ၁၀ ရက်က ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်း ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက Young Lionesses အသင်းကို ၁၀ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ အား/ကာသိပ္ပံအသင်းသည် ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ပြီး မိုးမိုးသန်း၊ လင်းမြင့်မိုရ်တို့၏ ဟက်ထရစ်များဖြင့် ၁၀ ဂိုးပြတ် အနိုင်ရခဲ့သည်။ စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❑



အား/ကာသိပ္ပံအသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်နေစဉ်။